# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၁)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ဆောင်နေသည့် တောင်သူများအနေဖြင့် စနစ်ကျခေတ်မီသည့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဆိုပါက ထိရောက်ပြီး အကျိုးရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြုလုပ်သည့် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းကျေးရွာအနီးရှိ စက်စက်ယိုကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဦးစောဒန်နီယယ်၊ ဦးရွှေကြိမ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်)၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် နွားပြခန်းကို ကြည့်ရှုစဉ်။




# မြန်မာ့အလင်း

## ပညာပြည့်ဝ နှလုံးလှကြစေရာ

လူငယ်များသည် နိုင်ငံ၏ အနာဂတ်ကို ဖန်တီးကြမည့်သူများ ဖြစ်သည်။ ယနေ့လူငယ်များကို အရည်အချင်းမြင့်မားစေရန်၊ အများအကျိုးသယ်ပိုးလိုသည့်စိတ်ထားရှိရန်၊ စည်းကမ်းကောင်းမွန်၍ တာဝန်ကျေပွန်သည့် စရိုက်လက္ခဏာကောင်းများ ပြည့်ဝရန် ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ၏ အနာဂတ်ကို လူငယ်တို့၏ လက်တွင်းသို့ စိတ်ချလက်ချ အပ်နှံနိုင်ရမည်ဖြစ်သည်။ လူငယ်တစ်ဦးချင်းစီ၏ အရည်အချင်း၊ အရည်အသွေး၊ စိတ်ဓာတ်တို့ မြင့်မားနိုင်လျှင် မြင့်မားနိုင်သလောက် အနာဂတ်နိုင်ငံတော်သည်လည်း မြင့်မားလာမည်သာ ဖြစ်သည်။

လူငယ်ဘဝကို ပုံဖော်ရာတွင် မိသားစုများက အရင်းခံအကျဆုံး ဖြစ်သည်။ လူငယ်တစ်ဦး၏ စရိုက်လက္ခဏာများတွင် မိသားစု၏ အလေ့အထများစွာတို့ လွှမ်းမိုးပါဝင်နေလေ့ရှိသည်။ လက်ဦးဆရာများဟု ဆိုအပ်သည့် အမိနှင့်အဖတို့၏ အပြုအမူ၊ အကျင့်အကြံ၊ အနေအထိုင်များ၊ ဟန်ပန်စရိုက်လက္ခဏာများ၊ ဆုံးမသွန်သင်မှုများက သားသမီးများကို ပုံသွင်းနေခြင်းပင်ဖြစ်သည်။ ပညာသင်ကြားသည့်အရွယ်သို့ ရောက်သည့်အခါ ကျောင်းသင်ပညာရေးက လူငယ်တို့ကို ဆက်လက်၍ ထုဆစ်ပုံဖော်ပေးသည်။ ယင်းကာလတွင် ကျောင်းသူကျောင်းသား၊ မိဘနှင့်ဆရာတို့ သုံးဦး သုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှုတို့ အားကောင်းဖို့လိုသည်။ အခြေခံပညာအဆင့်မှသည် တက္ကသိုလ်တွင် အဆင့်မြင့်ပညာရေးအဆင့်အထိ သွားရသည့် ပညာရေးခရီးတစ်လျှောက်တွင် ကလေးအရွယ်နှင့် လူငယ်အရွယ် ကာလတို့ကို ဖြတ်သန်းသွားကြရခြင်းဖြစ်သည်။ ထိုအရွယ်လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပညာသင်ကာလအတွင်း အစွမ်းကုန်မြှင့်တင်ပေးကြရမှာလည်း ဖြစ်သည်။

မိမိကိုယ်တိုင်အတွက်၊ မိမိ၏မိသားစုအတွက်၊ မိမိ၏ ပတ်ဝန်းကျင်အတွက်၊ မိမိ၏လူမျိုး မိမိနိုင်ငံအတွက်ဟူသော ရည်မှန်းချက်ဖြင့် မိမိကိုယ်ကို ကောင်းအောင်၊ ချွန်အောင်၊ မြင့်အောင်မြှင့်တင်ရာတွင် မိမိကိုယ်တိုင်က ပဓာနကျသည်။ ကလေးအရွယ်မှသည် လူငယ်အရွယ်အထိ ပညာသင်ကြားနေရသည့်ကာလ ဆယ်စုနှစ်တစ်ခု ကျော်ကျော်သည် ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးအချိန်အခါပင် ဖြစ်သည်။ အောင်မြင်မှုရရေးအတွက် ခိုင်မာစွဲမြဲသည့် သန္နိဋ္ဌာန်ကို ချမှတ်ကာ ဖွဲလုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းကြရခြင်းသည် ရေဆန်ခရီး၊ အမြင့်သို့တက်ရသည့် ခရီးကဲ့သို့ပင် အားစိုက်ကြိုးပမ်းရမှုနှင့် ပင်ပန်းနွမ်းနယ်မှုတချို့နှင့်လည်း ကြုံရနိုင်သည်။ သို့တစေ လူငယ်တို့၏ ကာယ၊ ဉာဏ၊ ခွန်အားတို့က တက်လူများဖြစ်သည့်အလျောက် အခက်အခဲတို့ကို အောင်မြင်စွာ ကျော်လွှားနိုင်ကြသည်သာဖြစ်သည်။

လူငယ်များအဖို့ အောင်မြင်သောဘဝ တက်လှမ်းနိုင်ရေးတွင် အရေးပါသော အချက်တစ်ရပ်မှာ စာပေဖတ်ရှုလေ့လာခြင်းဖြစ်သည်။ စာကို ကောင်းစွာဖတ်ရှုနိုင်သည့်အရွယ်မှစကာ မိမိစိတ်ဝင်စားသည့် စာပေမှ အစပြု၍ စာပေဖတ်ရှုမှုကို စွဲစွဲမြဲမြဲပြုလုပ်သင့်သည်။ ကလေးဘဝတွင် ကာတွန်းများမှအစပြု၍ ဖတ်ရှုကာ တစ်ဆင့်ထက်တစ်ဆင့် တက်၍ ရသစာပေ၊ သုတစာပေများကို နေ့စဉ်ဖတ်ရှုသွားခြင်းအားဖြင့် အသိဉာဏ်ပညာ မိုးကုပ်စက်ဝိုင်းကို တစ်နေ့ထက်တစ်နေ့ ပိုမိုကျယ်ဝန်းအောင် ချဲ့ထွင်သွားကြရမှာဖြစ်သည်။ စာဖတ်ခြင်းက လောကတွင် သင်စရာ၊ သိစရာတို့ကို အချိန်တိုတိုအတွင်း သင်နိုင်၊ သိနိုင်သည့် အလွယ်ကူဆုံး နည်းလမ်းတစ်ခုပင်ဖြစ်သည်။ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဘဝတွင် ထိပ်တန်းသို့ တက်လှမ်းနိုင်ခဲ့သူများ မြန်မာ့သမိုင်းတွင်ရော ကမ္ဘာ့သမိုင်းတွင်ပါ ထင်ထင်ရှားရှား ရှိသည်။ စာတစ်ကြောင်း၊ စာတစ်ပိုဒ်မျှကပင်လျှင် ဘဝတစ်သက်တာကို အကျိုးပြုသွားသည်များလည်း သာဓကများစွာရှိကြသည်။ လူငယ်တို့ စာကောင်း၊ ပေမွန်များကို နှစ်နှစ်ခြိုက်ခြိုက်၊ စွဲစွဲမြဲမြဲ ဖတ်ရှုလေ့လာခံစားကြခြင်းဖြင့် ပညာပြည့်ဝ နှလုံးလှနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။
(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။
(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။
(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက်    ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## အနာဂတ်၏လူငယ်များ

❂ အချိန်ယူသွား၊ ကာလလျှားသော်
လူသားပြိုလဲ၊ အိုနာမြဲတည့်။

❂ ထိုအခါတွင်၊ အစားဝင်၍
လုပ်ခွင့်မပျက်၊ ပြည့်ဝန်ရွက်ကာ
ဆက်တာဝန်ယူ၊ ရမည့်သူမှာ
ယနေ့လူငယ်များပင်တည့်။

❂ နောင်ခေတ်နိုင်ငံ၊ ကြမ္မာဖန်မည့်
အရန်အင်အား၊ လူငယ်များသည်
ကြိုးစားလုံ့လ ရှိပါမှ။

❂ ပြည်သူအားထား၊ လူငယ်များသည်
စိတ်ထားရိုးဖြောင့် မတ်ပါမှ။

❂ ပြည့်တွက်ဖိုးတန်၊ အားအရန်သည်
ဉာဏ်စွမ်းဉာဏ်စ ထက်ပါမှ။

❂ ကျောက်ကောင်းစစ်မှန်၊ အားအရန်သည်
ကြံ့ရည်ဖန်ရည် ပြည့်ပါမှ။

❂ နောင်ခေတ်စိုးစံ၊ အားအရန်သည်
ခံယူချက်လည်း မှန်ပါမှ။

❂ နုနယ်ပျိုမျစ်၊ ငယ်သူဖြစ်လည်း
မျိုးချစ်စိတ်တော့ မွေးပါမှ။

❂ သူတို့ခေတ်မှာ၊ မိမြန်မာကို
သာယာဝပြော၊ လွန်သာမောသည့်
လောကသစ်, ထောင်၊ လူ့ဘောင်သစ်, တည်
ရွှေပြည်သစ်, လျက်၊ အဘက်ဘက်တွင်
တိုးတက်ဝေဆာ၊ ခေတ်မီလာအောင်
တာဝန်ပိုင်ပိုင်၊ ဆက်ယူနိုင်လိမ့်။

❂ သို့ဖြစ်ပါ၍
နောင်ခါရွှယ်ရောက်၊ အားထားလောက်အောင်
ညွန့်ညှောင့် ထွက်ပြူ၊ အရှိန်ယူစ
တက်လူငယ်များ၊ ပြည့်အင်အားကို
ကိုးစားယုံကြည်၊ ရှေ့သို့ချီအံ့
ရွှေပြည်ပန်းတိုင် မဝေးတည်။ ။

(လူငယ်နှင့်စာပေပွဲတော်ကို ဂုဏ်ပြုကြိုဆိုလျက်-)

**ကို (စစ်တက္ကသိုလ်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ *ရွှေဖုံးမှ*

မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်(နေပြည်တော်)နှင့် မွေးမြူရေးလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင် စားရေရိက္ခာပေါများပြီး နိုင်ငံသူ နိုင်ငံသားများအားလုံး ဝဝလင်လင်ဖြင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန်ဆိုသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ **“အူမတောင့်မှ သီလစောင့်နိုင်မည်”** ဆိုသည့် မြန်မာစကားရှိပါကြောင်း။

**မွေးမြူရေးကို တွဲဖက်လုပ်ကိုင်**

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နေကြသည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ နိုင်ငံတွင်ရှိသည့် လူဦးရေအများစုမှာ စိုက်ပျိုးရေးကို အဓိကပြုလုပ်ကြပြီး မွေးမြူရေးကိုလည်း တွဲဖက်လုပ်ကိုင်ကြသူများရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်း သီးသန့်ဆောင်ရွက်ကြသူများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးကိုသာမက မွေးမြူရေးလုပ်ငန်းကိုပါ လုပ်ကိုင်နိုင်ရေး လိုအပ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များရှိပြီးဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်များနှင့် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို ပူးပေါင်းလိုက်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ မူဝါဒရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် မလွဲမသွေဖြစ်လာမည်ဟု ယုံကြည်ကြောင်း။

မိမိတို့နိုင်ငံတွင် အဓိကစားသုံးသည့် အသားငါး ၅ မျိုးရှိသည်ဟု လေ့လာမိကြောင်း၊ ၎င်းတို့မှာ ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးတို့ပင်ဖြစ်ပြီး အသား လေးမျိုးနှင့် ရေထွက်ပစ္စည်းတစ်မျိုးတို့ပင်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် ဒေသနွားကောင်ရေ ၈ ဒသမ ၈ သန်း၊ နို့စားနွားကောင်ရေ ၅ သောင်းကျော်၊ နွားနောက်ကောင်ရေ ၅ သောင်းကျော်၊ ကျွဲကောင်ရေ ၁ ဒသမ ၆ သန်းကျော် မွေးမြူထားရှိပြီး စုစုပေါင်း ကျွဲနွားကောင်ရေ ၁၀ ဒသမ ၆ သန်းကျော် ရှိကြောင်း၊ အလားတူ ၂၀၂၀ ခုနှစ်တွင် ကောက်ယူခဲ့သည့်စာရင်းများအရ ဝက်ကောင်ရေ ၃ ဒသမ ၇ သန်း၊ အသားစားကြက် ၃၀ ဒသမ ၈ သန်း၊ ဥစားကြက် ၂၈ ဒသမ ၅ သန်း၊ ဒေသကြက် ၃၈ ဒသမ ၅၅ သန်း၊ သိုးဆိတ် ၂ ဒသမ ၂၂ သန်း ရှိသဖြင့် များပြားသည့် မွေးမြူမှုပင်ဖြစ်ကြောင်း။

**ကျွဲနွားများ ပြည်ပသို့တင်ပို့**

ကမ္ဘာပေါ်တွင်လည်း တိရစ္ဆာန်သားငါးများ မွေးမြူသည့် နိုင်ငံများရှိသကဲ့သို့ သားငါးများတင်သွင်းသည့် နိုင်ငံများလည်းများစွာရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှာလည်း မိမိတို့နိုင်ငံမှ မွေးမြူရေး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

❖ **မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးကိုသာမက မွေးမြူရေးလုပ်ငန်းကိုပါ လုပ်ကိုင်နိုင်ရေး လိုအပ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များ ရှိပြီးဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်များနှင့် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို ပူးပေါင်းလိုက်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ မူဝါဒရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများပြီး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် မလွဲမသွေဖြစ်လာမည်ဟု ယုံကြည်**

*စာမျက်နှာ ၃ မှ*

ထုတ်ကုန်ပစ္စည်းများကို တင်သွင်းနေသည့် နိုင်ငံများဖြစ်ကြောင်း၊ ပြည်တွင်းတွင် မွေးမြူထုတ်လုပ်သည့် တောင်သူများ အကျိုးစီးပွားဖွံ့ဖြိုးအောင်မြင်စေရေးအတွက် ကျွဲနွားများ ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်များကိုလည်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်မှစ၍ ခွင့်ပြုပေးခဲ့ကြောင်း၊ တရားဝင်ကုန်သွယ်မှုအနေဖြင့် မူဆယ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ တရားဝင်အများဆုံး တင်ပို့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း တရားဝင်ရော တရားမဝင်လမ်းကြောင်းများမှပါ တစ်ဆင့်တင်ပို့သည့် လုပ်ငန်းများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များကို တင်ပို့ရောင်းချနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာနှင့် တိရစ္ဆာန်ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ တရားဝင်တင်ပို့ခြင်းများရှိသကဲ့သို့ တရားမဝင် တင်ပို့ရောင်းချခြင်းများရှိသော်လည်း စနစ်တကျမွေးမြူရောင်းချခြင်း မရှိသည့်အတွက် နိုင်ငံတွင် ဆုံးရှုံးနစ်နာမှုများရှိနေသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှအသားစားသုံးမှုကို ကြည့်မည်ဆိုပါက ကြက်သား ၉ ဒသမ ၅ ပိဿာ၊ ဝက်သား ၃ ပိဿာ၊ အမဲသား ၁ ဒသမ ၇ ပိဿာနှင့် ဆိတ်သား ဝ ဒသမ ၂၄ ပိဿာ ရှိသည်ဟု တင်ပြချက်များအရ သိရှိရကြောင်း၊ သို့သော်လေ့လာချက်များအရ လူတစ်ဦးသည် တစ်ရက်လျှင် အသားငါးအား ၅ ကျပ်သားမှ ၁၀ ကျပ်သားအထိ စားသုံးရန်လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ လက်ရှိ မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေစာရင်းများအရ အသားလိုအပ်ချက်ပမာဏကို လုံလောက်အောင် ထုတ်လုပ်ပေးနိုင်သည့် အခြေအနေရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မွေးမြူသူတစ်ဦးချင်းနှင့် အသားထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ဆောင်နေသည့် တောင်သူများအနေဖြင့်လည်း စနစ်ကျသည့် ခေတ်မီသည့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဆိုပါက ထိရောက်ပြီး အကျိုးရှိမည်ဖြစ်ကြောင်း။

### ရေ၊ အစာနှင့် ဆေး မလွဲမသွေလိုအပ်

စနစ်ကျသည့် မွေးမြူရေးဆိုသည်မှာ မိရိုးဖလာအရ လွှတ်မွေးခြင်း၊ လှောင်မွေးခြင်းနှင့် လှန်မွေးခြင်းဟူ၍ သုံးမျိုးတွေ့ရှိရကြောင်း၊ များသောအားဖြင့် လွှတ်မွေးကြပြီး တချို့က လှောင်မွေးခြင်းနှင့် လှန်မွေးခြင်းများကို ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စားကျက်ဖြင့် မွေးမြူသည့်စနစ်မှ တိရစ္ဆာန်အစာကို စိုက်ပျိုးရိတ်သိမ်းကျွေးမွေးသည့်စနစ်ကို အမြန်ဆုံးကူးပြောင်းဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ရှိသည်ကို မိမိအနေဖြင့် လေ့လာသိရှိရကြောင်း၊ မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရန်၊ မြေဆိုသည်မှာ တိရစ္ဆာန် မွေးမြူရေးတွင် လုံလောက်ပြီး ပတ်ဝန်းကျင်ကောင်းမွန်သည့် မြေများရှိရန် လိုအပ်ကြောင်း၊ အလားတူ တိရစ္ဆာန်များကိုလည်း ရေကောင်း၊ ရေသန့်များ တိုက်နိုင်ရန် လိုအပ်ကြောင်း၊ အစာကျွေးခြင်းများအပါအဝင် နည်းစနစ်တကျထားသို သိုလှောင်ခြင်းများဖြင့် မွေးမြူနိုင်ရန်လိုကြောင်း၊ ဇီဝပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာကြည့်ပါက ရေ၊ အစာနှင့် ဆေး မလွဲမသွေလိုအပ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပါက အထက်ပါ နည်းလမ်း ၄ မျိုးဖြင့် ဆောင်ရွက်ကြရန် မိမိအနေဖြင့် အကြံပြုတိုက်တွန်းပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် တန်ဖိုးမြှင့်ထွက်ကုန်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်မှုများရှိပြီး မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်မှုများရှိခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းအောင် ထိန်းသိမ်းနိုင်သည့် အခြေအနေကို ရရှိနေပြီဖြစ်သည့်အတွက် ရပ်တန့်သွားသည့်လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်ကြိုးစားနေသည့် ကာလအတွင်းတွင် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၂၂) ကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရန်အတွက် အရေးပါသည့်ကြိုးစားအားထုတ်မှုဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်းဝင်ငွေ မြင့်မားလာပြီး အသားနှင့် နို့ထွက်ပစ္စည်းများ စားသုံးမှုနှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"တို့အနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့"** ဆိုသည့် ပြပွဲ၊ ပြိုင်ပွဲ၏ ဆောင်ပုဒ်အတိုင်း အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသည့် အသား၊ နို့၊ ဥတို့ကို မွေးမြူထုတ်လုပ်ခြင်း၊ ပြည်တွင်းတွင်လည်း အာဟာရပြည့်ဝစွာစားသုံးနိုင်ခြင်း၊ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ခြင်းဖြင့် မြန်မာပြည်သူပြည်သားများ၏ အနာဂတ်ဘဝ သာယာဝပြောလာနိုင်မည်ဟု ယုံကြည်ကြောင်း၊ အမျိုးသားရေးလုပ်ငန်းစဉ်တွင်ပါသည့် နိုင်ငံတော်တွင် စားရေရိက္ခာပေါများရေးသည် ယခုပြပွဲတွင် ပါဝင်ဆင်နွှဲကြသည့်သူများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသူများနှင့် တာဝန်ရှိသူများအားလုံး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

> ■ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်မှုများရှိပြီး မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်မှုများရှိခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းအောင် ထိန်းသိမ်းနိုင်သည့် အခြေအနေကို ရရှိနေပြီဖြစ်သည့်အတွက် ရပ်တန့်သွားသည့်လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် ကြိုးစားနေသည့် ကာလအတွင်းတွင် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၂၂) ကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတိုးတက် ဖြစ်ထွန်းရန်အတွက် အရေးပါသည့် ကြိုးစားအားထုတ်မှုဖြစ်

### ရှင်းလင်းတင်ပြ

ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### လိုက်လံကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် နွား၊ ကျွဲ၊ သိုး၊ ဆိတ် တိရစ္ဆာန်များ ပြသထားမှုနှင့် ယှဉ်ပြိုင်နေမှုများ၊ ကုမ္ပဏီပြခန်းများနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဆိုင်ရာ အစားအစာနှင့် ဆေးဝါးများ၊ စက်ကိရိယာများနှင့် တန်ဖိုးမြှင့်ထွက်ကုန်များ ပြသထားမှုကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးမှာကြားသည်။

အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြုလုပ်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲတွင် ပြခန်းပေါင်း ၁၄၅ ခန်းကို ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ပြသသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပေါင်းစု စွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရေးရှု ပြည်ထောင်စု။

## အမြဲမပြတ် လေ့လာနေရန်လို

တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍ တိုးတက်စေရန်အတွက် အမြဲမပြတ် လေ့လာနေရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဒုတိယနေ့ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၈**

ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေး၏ ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhang Yunming နှင့် အိန္ဒိယနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. DEVUSINH CHAUHAN တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆွေးနွေးရာတွင် အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မူဝါဒဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ၂၀၂၂ ခုနှစ်တွင် အာဆီယံ-တရုတ် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသည့်နယ်ပယ်များ၊ ၂၀၂၁ ခုနှစ်တွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် ၂၀၂၂ ခုနှစ်အတွင်း ASEAN-China Digital Work Plan အရ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းတို့ကို အာဆီယံနိုင်ငံများမှ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က အမြင်ချင်းဖလှယ်ဆွေးနွေးကာ Action Plan for Implementing the ASEAN-China Partnership on Digital Economy (2021-2025)နှင့် ASEAN-China Digital Work Plan 2022 တို့ကို အတည်ပြုခဲ့သည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံနှင့် ဆွေးနွေးရာတွင် ၂၀၂၁ ခုနှစ်တွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် ၂၀၂၂ ခုနှစ်အတွင်း ASEAN-India Digital Work Plan အရ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများမှ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က အမြင်ချင်းဖလှယ် ဆွေးနွေး၍ ASEAN-India Digital Work Plan 2022 ကို အတည်ပြုပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများအစည်းအဝေးအား ဆက်လက်ကျင်းပရာ တတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အိမ်ရှင်အဖြစ် ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဆွေးနွေးအတည်ပြုကြပြီး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစာရှင်းလင်းပွဲပြုလုပ်**

မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး အမြဲတမ်းအတွင်းဝန်က အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက် (Joint Media Statement) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်တွင်းသတင်းမီဒီယာများက မေးခွန်းများမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့က ပြန်လည်ဖြေကြားသည်။

**အွန်လိုင်းမှတစ်ဆင့် ဆုချီးမြှင့်**

ယင်းနောက် ASEAN ICT Awards 2021 ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါပြိုင်ပွဲသို့ အာဆီယံနိုင်ငံများမှ ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၉၅ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲကဏ္ဍခြောက်ခုအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အာဆီယံနိုင်ငံများမှ အဖွဲ့ ၁၈ ဖွဲ့ကို အွန်လိုင်းမှတစ်ဆင့် ဆုချီးမြှင့်၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ဂုဏ်ပြုစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ ဆုချီးမြှင့်ခြင်းအခမ်းအနားသည် ASEAN ICT Awards အတွက် Virtual စနစ်ဖြင့် ဆုချီးမြှင့်ပေးအပ်သည့် ပထမဦးဆုံး အခမ်းအနားဖြစ်သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံ (၁၀) နိုင်ငံမှ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

※ ညီညွတ်ခြင်းသည် အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ကျွန်းမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ရပ်ကွက်/ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ် (၉) ရပ်ကွက်နေ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ဒုတိယအကြိမ် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်၊ လဝကမှူး ဦးတင်အောင်မိုးတို့ ဦးဆောင်သည့် ဝန်ထမ်းများက အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားကတ် လျှောက်ထားသူ ၃၆ ဦး၊ အသက် (၁၈) နှစ်ပြည့် နိုင်ငံသားကတ် လျှောက်ထားသူ ၃၈ ဦး စုစုပေါင်း ၇၄ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၂၁ အုပ်စုရှိသည့်အနက် ပန်းခင်းစီမံချက်ဖြင့် ၁၄၈ ကြိမ် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယနေ့အထိ အိမ်ထောင်စုလူဦးရေစာရင်း ၂၈၃၈ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၉၈၂၆ ကတ်အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဒီပြပွဲ၊ ပြိုင်ပွဲဟာ ဒီမွေးမြူရေးစနစ်ကို ဆက်လက်အားကောင်းအောင်၊ ဒီမွေးမြူရေးစနစ်ကို ရှေ့လျှောက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်တဲ့ ပြပွဲဖြစ်ပါတယ်

ဒေါက်တာရဲထွန်းဝင်း



ဒေါက်တာအောင်ကြီး
(ဒုတိယဝန်ကြီး)



ဒေါက်တာရဲထွန်းဝင်း
(ညွှန်ကြားရေးမှူးချုပ်)



ကိုသက်ပိုင်ဖြိုး

**နေပြည်တော် ဇန်နဝါရီ ၂၈**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် မွေးမြူရေး တိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၂၂) ကို ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ သုံးရက်တာ နေပြည်တော်ရှိ ကိုးရွာသပြေကုန်းရွာအနီး စက်စက်ယို ကွင်း၌ ကျင်းပပြုလုပ်လျက်ရှိသည်။

အဆိုပါပြပွဲတွင် မွေးမြူရေးအစာဆိုင်ရာ စက်မှုပြခန်း၊ တိရစ္ဆာန်ရောဂါကာကွယ်ရေး ပညာပေးပြခန်း၊ မွေးမြူရေး အသိပညာပေးပြခန်း၊ မွေးမြူရေးသုံး ဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာပြခန်း၊ မွေးမြူရေးအစာဆိုင်ရာပြခန်း၊ တိရစ္ဆာန်ရောဂါ စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) ပြခန်း၊ မွေးမြူရေးထွက်ကုန်ပစ္စည်းပြခန်းများပါဝင်ပြီး မွေးမြူရေး တိရစ္ဆာန်ပြိုင်ပွဲတွင် ကျွဲ၊ နွားနောက်၊ နွား၊ ဆိတ်နှင့် သိုးများ ပါဝင်သည်။

တိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲတွင် ပြခန်းပေါင်း ၁၅၀ ကျော် ပါဝင်ပြသထားပြီး ပြိုင်ပွဲဝင် တိရစ္ဆာန်အကောင်ရေ ၂၁၁ ကောင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အဆိုပါ တိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲများနှင့် ပတ်သက်ပြီး တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။



ဦးမျိုးသိန်း



ဒေါက်တာ ဗလ

**ဒေါက်တာ အောင်ကြီး (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန**

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တယ်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းသည် ကျွန်တော်တို့ တောင်သူတွေရဲ့ လူမှုဘဝ အဆင့်အတန်းတိုးတက်ဖို့ အဓိကဖြစ်တဲ့အတွက် တောင်သူတွေရဲ့ဘဝ မြင့်မားတိုးတက်ဖို့ကို ရည်ရွယ်ပြီးတော့ ယနေ့ ပြပွဲ၊ပြိုင်ပွဲကို ပြုလုပ်ပေးတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံ ပြည်ပပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိဖို့အတွက် ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။

ဒီပြပွဲမှာ လက်ရှိ ပြခန်းပေါင်း ၁၅၀ ပတ်ဝန်းကျင်ပြသထားပါတယ်။ ခင်းကျင်းပြသထားတဲ့ပြခန်းတွေ လိုက်လံကြည့်ရှုလိုက်မယ်ဆိုရင် တစ်ဖက်က ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ နွားနောက်အပါဝင် ပြသထားတာရှိသလို တိရစ္ဆာန်တွေနဲ့ပတ်သက်တဲ့ အစာ အထူးသဖြင့် မြက်စိုက်ပျိုးမှု ပြသတယ်။ နောက်တစ်ခါ မြက်ကနေ ပြုပြင်ပြီးတော့ မြက်ချဉ်ဖတ်၊ ပြောင်းချဉ်ဖတ် လုပ်တဲ့ ပြခန်းတွေ ပြသတယ်။

အခုလက်ရှိတိရစ္ဆာန်အစာနဲ့ပတ်သက်တဲ့ အစာထုတ်လုပ်တဲ့ ပြခန်းတွေ၊ အစာရောင်းချ ကုမ္ပဏီတွေရဲ့ ပြခန်းတွေအပြင် တစ်ဖက်ကလည်း တိရစ္ဆာန်တွေရဲ့ ကာကွယ်ဆေး၊ ကုသဆေး၊ ဆေးဝါးတွေနဲ့ ပတ်သက်ပြီး ပြသတဲ့ ပြခန်းတွေလည်း ပါဝင်ပါတယ်။ ဒီနေရာမှာ တစ်ခုကောင်းတာက အစိုးရဌာနဆိုင်ရာ ပြခန်းတွေတင် မဟုတ်ပဲနဲ့ ပုဂ္ဂလိကဌာနဆိုင်ရာ ပြခန်းတွေပါ ပြသတဲ့အတွက် လာရောက်ပြီး ကြည့်ရှုတဲ့ ပြည်သူတွေအတွက် အားလုံးဟာ ဗဟုသုတကို တစ်နေရာတည်းမှာ ပြည့်ပြည့်စုံစုံ ပြသသွားနိုင်အောင် စီစဉ်ခင်းကျင်းပြသထားတာ ဖြစ်ပါတယ်။

နေပြည်တော်နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ တောင်သူတွေ၊ မွေးမြူရေးသမားတွေနဲ့ စိုက်ပျိုးရေးသမားတွေပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြုလုပ်ကျင်းပတဲ့ မွေးမြူရေးနှင့် တိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲကို လာရောက်ကြည့်ရှုပါ၊ အားပေးပါ။ တစ်ဖက်ကလည်း ဒီကနေ ရရှိတဲ့ အသိပညာဗဟုသုတတွေနဲ့ မိမိတစ်ဦးချင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့၊ ကိုယ့်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ကို ကြိုးပမ်းဆောင်ရွက်ကြပါလို့ ဖိတ်ခေါ်မှာကြားလိုပါတယ်။

**ဒေါက်တာရဲထွန်းဝင်း
(ညွှန်ကြားရေးမှူးချုပ်)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ကျွန်တော်တို့က မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်ဒေသမှာ အခြေခံတဲ့ တိရစ္ဆာန်တွေကို အဓိကထားပြီးတော့ ပြပွဲ၊ ပြိုင်ပွဲတွေ လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီလိုပြပွဲ၊ ပြိုင်ပွဲတွေမှာ သတ်မှတ်ချက်တွေရှိပါတယ်။ အထူးသဖြင့် ကျွဲ၊ နွားနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ရဲ့ ဓလေ့ထုံးစံ ဆိုရိုးစကားတွေ၊ သတ်မှတ်ချက်တွေ အများကြီးပဲ ရှိပါတယ်။ ရှေးကဟာတွေကို လက်ရှိအခြေအနေနဲ့ ပေါင်းစပ်ပြီးတော့ အမှတ်ပေးစည်းမျဉ်းတွေ ရေးဆွဲထားတာရှိပါတယ်။ ခိုင်းနွားနဲ့ ပတ်သက်တဲ့ အမှတ်ပေးစည်းမျဉ်းတွေ၊ နို့စားနွားနဲ့ ပတ်သက်တဲ့ အမှတ်ပေးစည်းမျဉ်းတွေ၊ အသားတိုးနွားနဲ့ပတ်သက်တဲ့ အမှတ်ပေးစည်းမျဉ်းတွေ၊ သိုး၊ ဆိတ်နဲ့ပတ်သက်တဲ့ အမှတ်ပေးစည်းမျဉ်းတွေကို ရေးဆွဲပြီးတော့မှ ပြိုင်ပွဲတွေအလိုက် အချို့က ထုတ်လုပ်မှုကို အဓိက ဦးတည်တယ်၊ အချို့ကတော့ လှပကြော့ရှင်းမှုကို ဦးတည်တယ်။ အဲဒါမျိုးနဲ့ ပြိုင်ပွဲကို ဆောင်ရွက်သွားတာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ တကယ်ရည်ရွယ်ချက်ကတော့ တိရစ္ဆာန်မွေးမြူတဲ့ လုပ်ငန်းစဉ်တွေမှာ စီးပွားဖြစ်မွေးမြူတဲ့ လုပ်ငန်းတွေကို ပြောင်းဖို့လိုပါတယ်။ ကျေးလက်နေပြည်သူတွေက မွေးမြူရေး လုပ်တယ်။ ကျွဲ၊ နွားတွေကို မိရိုးဖလာ သဘောတရားအတိုင်း ရှေးရိုးစဉ်ဆက်အတိုင်း မွေးကြတယ်။ အချိန်တန်အရွယ်ရောက်ရင် ဈေးကွက်ထဲ ထုတ်ရောင်းလိုက်တယ်။ ရသမျှငွေလေးနဲ့ တင်းတိမ်ကြတယ်။ တကယ်တော့ စီးပွားရေးအတွက် တွက်ကြည့်မယ်ဆိုရင် တွက်ခြေမကိုက်ဘူး။

ကျွန်တော်တို့ အခုသွားမယ့် စနစ်က မွေးမြူထုတ်လုပ်တဲ့သူတွေဟာ စီးပွားရေး တွက်ခြေကိုက်ရပါမယ်။ ဒါ့ကြောင့်မို့ မွေးမြူတဲ့စနစ် ပြောင်းဖို့လိုပါတယ်။ မွေးမြူတဲ့မျိုးတွေ ပြောင်းဖို့လိုပါတယ်။ နောက်တစ်ခုကတော့ မွေးမြူမှုကို စောင့်ရှောက်တဲ့ ကျွေးမွေးတဲ့အစီအစဉ်တွေကို ပြောင်းလဲဖို့ လိုပါတယ်။ ကျွန်တော်တို့ မျှော်မှန်းချက်ကတော့ တိရစ္ဆာန်တွေ မွေးမြူတဲ့အခါမှာ တိရစ္ဆာန်အစာတွေ စိုက်ပျိုးမယ်။ စိုက်ပျိုးပြီးသား အစာတွေကို ကျွေးမွေးထားပြီးတော့ လွတ်ကျောင်းစနစ်တွေမဟုတ်ဘဲနဲ့ စနစ်တကျ လှောင်မွေးတဲ့စနစ်နဲ့ ဈေးကွက်ဝင်တဲ့အချိန်မှာ ဈေးကွက်ရအောင် အကျိုးအမြတ်ရှိအောင် ဆောင်ရွက်မယ့် မွေးမြူရေးစနစ်ကို ပြောင်းဖို့အတွက် ခြေလှမ်းပြင်တာ ဖြစ်ပါတယ်။

ဒီပြပွဲ၊ ပြိုင်ပွဲဟာ ဒီမွေးမြူရေးစနစ်ကို ဆက်လက်အားကောင်းအောင်၊ ဒီမွေးမြူရေးစနစ်ကို ရှေ့လျှောက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်တဲ့ ပြပွဲဖြစ်ပါတယ်။ နောက်တစ်ခါ တကယ်လုပ်ဆောင်မယ့် လုပ်ငန်းဆောင်ရွက်တဲ့ တောင်သူ၊ ကျေးလက်နေပြည်သူတွေ၊ လုပ်ငန်းရှင်တွေ၊ စီးပွားရေးကို ဦးတည်တဲ့ လုပ်ငန်းစဉ်၊ ကုန်သွယ်ရေးကို ဦးတည်တဲ့ လုပ်ငန်းစဉ်အဖြစ် ပြောင်းအောင်လို့ ဒီပြပွဲကို အခြေခံပြီးတော့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

**ကိုသက်ပိုင်ဖြိုး (စစ်ကိုင်းမြို့နယ်)**

ကျွန်တော့် ဆိတ်က စစ်ကိုင်းမြို့နယ်မှာ ပထမဆုရထားပြီးသားဖြစ်တဲ့အတွက် နိုင်ငံတော်အဆင့်မှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဆုရတာထက် အတွေ့အကြုံတွေ လည်းရချင်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ဒီပြပွဲ၊ ပြိုင်ပွဲ ပြုလုပ်တဲ့အတွက် ကျွဲ၊ နွား၊ မွေးမြူရေး ကဏ္ဍလည်း တိုးတက်လာမှာဖြစ်သလို တောင်သူလယ်သမားဘဝတွေလည်း တိုးတက်လာမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ယူဆပြီးတော့ လာရောက်ကြဖို့ ဖိတ်ကြားပါတယ်။ လာဖို့အတွက်လည်း ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးသိန်း (ငွေပင်လယ် အသားတိုး နွားမွေးမြူရေးလုပ်ငန်း)**

ကျွန်တော်တို့ရဲ့ နွားမျိုးက တရုတ်နိုင်ငံက ယင်လင့်နွားမျိုးချောင်းကို မြန်မာနွားမနဲ့စပ်ပြီး မွေးမြူထားတဲ့ အသားတိုးနွားဖြစ်ပါတယ်။ အဲဒီနွားမျိုး ထူးခြားချက်သုံးချက်မှာ ပထမအချက်ကတော့ မြန်မာနွားက ငါးနှစ်အထက်မှ အသားစားလို့ရပါတယ်။ ဒီမျိုးကတော့ နှစ်နှစ်ခွဲဆိုရင် အသားစားလို့ရပါတယ်။ မွေးမြူရတဲ့ကာလတိုသွားပါတယ်။ နောက်တစ်ချက်ကတော့ မြန်မာနွားထက် အသား နှစ်ဆပိုတိုးပါတယ်။ နောက်တစ်ချက်ကတော့ နိုင်ငံတကာမှာ ဒီနွားအသားက မြန်မာနွားအသားဈေးထက် နှစ်ဆရှိပါတယ်။

ကျေးလက်နေလူထုတွေ ဒီလိုနွားမျိုးတွေရဲ့ မျိုးစိတ်တွေ ရသွားခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ မွေးမြူရတဲ့ကာလကလည်း တိုလာမယ်။ အသားထွက်နှုန်းကလည်း ပိုပြီးတော့တိုးလာမယ်။ ဝင်ငွေတွေကလည်း ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ အဲဒီလိုမျိုး နွားတွေကို လူထုတွေ ကျယ်ကျယ်ပြန့်ပြန့်သိအောင် လာရောက်ပြသခြင်း ဖြစ်ပါတယ်။

ကျေးလက်နေ လူထုတွေအတွက် အကျိုးရှိမယ့် နွားပြပွဲဖြစ်တဲ့အတွက် ဒီပြပွဲ ပြိုင်ပွဲကို လာရောက်ကြည့်ရှုသင့်ပါတယ်။ လာရောက်ကြည့်ရှုပြီးတော့ နည်းပညာရော၊ မျိုးတွေရော ရယူကြဖို့အတွက် လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ ဗလ
(FORTUNE International ကုမ္ပဏီ)**

ကျွန်တော်တို့ ဒီကနေ့ပြသတဲ့ ပြခန်းဟာဆိုရင် နွား နားကပ်တွေကို ပြသတာဖြစ်ပါတယ်။ နွားနားကပ်ဆိုတာကတော့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ အထူးအစီအစဉ်ပါ။ ဒါက ဘာလဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့ နွားတွေကို Digital IFIT နားကပ်ကလေးတွေကို ကပ်ထားပြီးတော့ နွားရဲ့ မှတ်တမ်းမှတ်ရာတွေကို Identification လုပ်တဲ့သဘောပါ။ အဲဒီလို လုပ်လိုက်ခြင်းအားဖြင့် နွားပိုင်ရှင်ရော၊ နေရာဒေသရော၊ နွားရဲ့မျိုးရိုးရော အကုန်လုံးပါနေတဲ့အတွက် နွားကိုရောင်းချတာပဲဖြစ်ဖြစ်၊ လာရောက်သယ်ယူပို့ဆောင်တာပဲဖြစ်ဖြစ် အဲဒီချိန်မှာ တောင်သူလယ်သမားဦးကြီးတွေအနေနဲ့ လွယ်လွယ်ကူကူဖြစ်သွားမှာ ဖြစ်ပါတယ်။

အခုလို ပွဲတော်တွေ ပြုလုပ်ရတဲ့အတွက် မြန်မာနိုင်ငံရဲ့ မွေးမြူရေးဟာ တပ်လှန့်လိုက်သလို အကုန်တက်ကြွသွားမှာ ဖြစ်ပါတယ်။ ဒေသခံတောင်သူလယ်သမားဦးကြီးများအနေနဲ့ ဒီပွဲကို လက်မလွှတ်တမ်း လာရောက်ကြည့်ရှုသင့်ပါတယ်။ ဒီပွဲကို လာလိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ကျွဲ၊ နွားတွေကို မြင်ဖူးသွားမယ်။ သူတို့အတွက် စားကျက်မြက်တွေ၊ အစာကျွေးပုံကျွေးနည်းတွေ၊ ကောက်ရိုးထိန်းသိမ်းပုံထိန်းသိမ်းနည်းတွေကအစ အကုန်လုံး ဗဟုသုတရသွားမယ်။ တောင်သူလယ်သမား ဦးကြီးတွေအနေနဲ့ လာကြည့်လိုက်လို့ရှိရင် မြန်မာ့မွေးမြူရေးအတွက် သူတို့တွေ စိတ်အားတွေ တက်ကြွပြီး အများကြီးတိုးတက်သွားမယ့်လို့ မျှော်လင့်ထားပါတယ်။

သန်းမင်းအောင်(သတင်းစဉ်)
ဓာတ်ပုံ - နေသစ်

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တိုးမြှင့်ထိုးနှံနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တိုးမြှင့်ထိုးနှံနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၁ သန်းခန့်နှင့် အကြိမ်ပြည့်ထိုးနှံပြီးစီးသူ ၁၈ ဒသမ ၇ သန်းခန့်ရှိရာ အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးစီးသူ စုစုပေါင်း ၂၂ သန်းခန့်ရှိပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဆာဆာကာဝါဖောင်ဒေးရှင်းနှင့် ရုရှားသမ္မတနိုင်ငံတို့မှ နှစ်နိုင်ငံချစ်ကြည်မှုအရ လှူဒါန်းခြင်းဖြင့် ရရှိထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အလှူရှင်နိုင်ငံများက ဦးစားပေးထိုးနှံစေလိုသည့် ဒေသများတွင် ထိုးနှံပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု၊ ဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းကျဆင်းစေရန်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းကို ရာနှုန်းပြည့်မီရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲပြဿနာများ လျော့နည်းစေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများမှ ကြီးကြပ်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအမျိုးအစားအသစ်များ ထပ်မံထည့်သွင်း၍ အမျိုးအစားစုံလင်စွာထိုးနှံလာသည့်အတွက် ပြည်သူလူထုအနေဖြင့် ထိုးနှံရမည့် ကာကွယ်ဆေးအမျိုးအစား၊ ထိုးနှံရမည့်အချိန်ကာလကို ရှင်းရှင်းလင်းလင်းသိရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် သိုလှောင်သိမ်းဆည်းထားရန်နှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်များသို့ အအေးလမ်းကြောင်းမပျက် စနစ်တကျ ပို့ဆောင်သွားရန် တာဝန်ရှိသူများက ကြီးကြပ်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့် လွှမ်းခြုံမှုရာခိုင်နှုန်း၊ ရည်မှန်းလူဦးရေတို့ကို အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးကြရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် စီမံချက်မန်နေဂျာ ဒေါက်တာမျိုးစုကြည်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ၌ ဖျော်ဖြေတင်ဆက်မည့် ကယားပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့ ဝတ်စုံပြည့်လေ့ကျင့်

**လွိုင်ကော် ဇန်နဝါရီ ၂၈**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲသို့ သွားရောက်ကပြဖျော်ဖြေတင်ဆက်မည့် ကယားပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ ကယားတိုင်းရင်းသား မျိုးနွယ်စုကိုးမျိုး စုပေါင်းအက ဝတ်စုံပြည့်လေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ လေ့ကျင့်ဆောင်ရွက်ကြရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့က ကယားတိုင်းရင်းသားမျိုးနွယ်စု ကိုးမျိုးတို့၏ စုပေါင်းအကဖြင့် ဝတ်စုံပြည့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က "ကယားတိုင်းရင်းသားမျိုးနွယ်စုအလိုက် ဝတ်စုံများအား ပြည့်စုံစွာဆင်ယင်ပေးနိုင်ရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြရန်၊ အကအဖွဲ့ဝင်များအတွက် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ ပြည်နယ်ပြင်ပသို့ စတင်ထွက်ခွာသည်မှ ပြန်လည်ရောက်ရှိသည့်အချိန်အထိ အုပ်ချုပ်သူများက အကအဖွဲ့ဝင်များအား စည်းကမ်းတကျကြပ်မတ်ဦးဆောင်ပေးကြရန်၊ အကအဖွဲ့ဝင်များကလည်း ပြည်နယ်ဂုဏ်ဆောင် အကအဖွဲ့အနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာ ချစ်ချစ်ခင်ခင် သွားလာနေထိုင်ကြရန်နှင့် လိုအပ်သည်များကို အုပ်ချုပ်သူနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ကယားပြည်နယ်ကိုယ်စားပြု ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ပေးကြသည့် တိုင်းရင်းသား အကအဖွဲ့ဝင်များအား ကျေးဇူးအထူးတင်ရှိကြောင်းနှင့် ကယားပြည်နယ် အစိုးရအဖွဲ့က ဂုဏ်ပြု မှတ်တမ်းတင်ကြောင်း ပြောကြားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေကြမည်ဖြစ်ရာ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ကလည်း ကယားတိုင်းရင်းသားမျိုးနွယ်စု ကိုးမျိုးတို့၏ စုပေါင်းအကဖြင့် ပါဝင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း၊ ကယားတိုင်းရင်းသား အကအဖွဲ့တွင် အုပ်ချုပ်သူအပါအဝင် တိုင်းရင်းသား တိုင်းရင်းသူ ၂၈ ဦး ပူးပေါင်း ပါဝင်တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေး ဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းကြီးကျောင်းများ၊ Church ကျောင်းများနှင့် ကိုဗစ်-၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်တွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်၊ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမင်း၊ မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစံနှင့် ရုံးဝန်ထမ်းများက မြိတ်မြို့ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်သို့ ဆွမ်းဆန် ငါးအိတ်၊ ဆီ ၁၁ ပိဿာ၊ ကုလားပဲ ၁၂ ပိဿာ စသည့်လှူဒါန်းဖွယ် ထောက်ပံ့ပစ္စည်းများကို တိုက်အုပ်ဆရာတော်ထံသို့ ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ Church ကျောင်းများနှင့် ကိုဗစ်-၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ချိုဆင့်(ထားဝယ်)**

# မြန်မာနိုင်ငံ ပြည်တွင်းအာဏာရရှိရေးကြိုးပမ်းမှုနှင့် ပထဝီနိုင်ငံရေးအခြေအနေ

မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ရှုပ်ထွေးမှု၊ ပထဝီနိုင်ငံရေးအခြေအနေတို့နှင့် ပတ်သက်၍ Felix Haas ရေးသားသည့် "Myanmar–Internal Power Struggles and Geopolitics" အမည်ရှိ သုတေသန စာတမ်းအား အလွတ်သဘော ဘာသာပြန်ဆိုချက်ကို ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း ပြီးဆုံးမည့် အရိပ်အယောင် မရှိသေးချေ။ နိုင်ငံတကာ သံတမန်အသိုက်အဝန်းနှင့် မီဒီယာများက ပြီးခဲ့သည့် လပိုင်းများက ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တုံ့ပြန်ဆောင်ရွက်ခဲ့မှုအပေါ် အာရုံစိုက်နေချိန်တွင် လက်ရှိမြေပြင်၌ နိုင်ငံရေးဆန့်ကျင်မှုအပေါ် အခြေခံသည့် အစွန်းရောက်များ၏ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများက ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှု ပိုမိုပြင်းထန်လာခြင်းကြောင့် ပြည်သူများအတွက် စိန်ခေါ်မှု ပိုမိုကြီးမားစေခဲ့သည်။

**ပြည်တွင်းမတည်ငြိမ်မှုများကို ဖြစ်ပွားစေ**

၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်တွင် CRPH ၏ အုပ်ချုပ်ရေး အာဏာကျင့်သုံးသည့် NUG အနေဖြင့် ကြေညာချက်အမှတ် ၁/၂၀၂၁ ဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတပ်မတော် တည်ဆောက်ရေးကို ဦးတည်သည့် ကနဦး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ လက်တွေ့တွင် PDF များ ဖွဲ့စည်းခြင်း (ဥပမာ မင်းတပ်နှင့် လှိုင်ကော်တွင်) သည် ဆန့်ကျင်ဘက်အဖွဲ့အစည်းအတွက် နယ်မြေထိန်းချုပ်မှု သို့မဟုတ် စိတ်ခံစားပိုင်းဆိုင်ရာ အနိုင်ရရှိမှုတို့နှင့် စပ်လျဉ်းသည့် မည်သည့်အကျိုးအမြတ်မျှရရှိနိုင်မှုတို့ ရရှိစေမည်မဟုတ်ဘဲ ပြည်တွင်းမတည်ငြိမ်မှုများကို ဖြစ်ပွားစေခဲ့သည်။

နိုင်ငံရေးဆန့်ကျင်သူများအနေဖြင့် ရိုးရှင်းသော်လည်း သေစေနိုင်လောက်သည့် လက်နက်များကို အသုံးပြုလာခဲ့ခြင်း၊ မတ်လလယ်က လှိုင်သာယာရှိ ပုဂ္ဂလိကပိုင်စက်ရုံများအား ဖျက်ဆီးခြင်းများကို ထောက်ရှု၍ ဆန္ဒပြမှုများသည် အစွန်းရောက်လာသည်ကို မည်သို့မျှ ငြင်းဆို၍မရချေ။ ဒီမိုကရေစီစံနှုန်းများနှင့် လူ့အခွင့်အရေးစံနှုန်းများကို မေ့ပျောက်ထားသည်မှာ ထင်ရှားပြီး ၂၀၂၁ ခုနှစ် မေလမှစတင်၍ ဖောက်ခွဲရေးပစ္စည်းများနှင့် အရပ်သားများ (ပြည်သူ့ဝန်ထမ်းများနှင့် USDP ပါတီဝင်များ) အား လုပ်ကြံသတ်ဖြတ်မှုသည် ဆန့်ကျင်လှုပ်ရှားမှု၏ နေ့စဉ်ပြုလုပ်နေသည့် အမျိုးမျိုးအထွေထွေသော လုပ်ဆောင်မှုများ ဖြစ်လာသည်။ ဂန္ဓီ၏အဆုံးအမဖြစ်သည့် အကြမ်းမဖက်ရေးလမ်းကြောင်းကို ချန်ရစ်ခဲ့ခြင်းဖြင့် ဆန့်ကျင်လှုပ်ရှားမှုသည် သေချာပေါက် ကျရှုံးရန်သာရှိသည်။

**လက်တွေ့ကျကျ သုံးသပ်ရန် လိုအပ်လျက်ရှိ**

လက်ရှိအနေအထားတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ချမ်းသာကြွယ်ဝရေးနှင့် နိုင်ငံသားအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်လမ်းကြောင်းမှာ ဝေဝါးကြမ်းတမ်းနေဆဲဖြစ်သည်။ လက်ရှိ အခြေအနေများအရ ကျန်းမာရေးဆိုင်ရာ လက်ငင်းစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီးချိန်တွင် သက်ဆိုင်သူအားလုံးအနေဖြင့် ပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရန်၊ ခြေတစ်လှမ်းနောက်ဆုတ်၍ အခြေအနေကို လက်တွေ့ကျကျ သုံးသပ်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအာဏာနှင့် အုပ်ချုပ်ရေးကို အခက်အခဲများကြားမှ ချုပ်ကိုင်လာနိုင်ခဲ့သည်။ ၁-၈-၂၀၂၁ ရက်နေ့က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သည့် အိမ်စောင့်အစိုးရကို ဖွဲ့စည်းခဲ့ခြင်းဖြင့် အစိုးရသည်နောက်ထပ် ၂၄လ လွန်မြောက်ပြီး နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာသည့် ကာလပြီးဆုံးချိန်တွင် လွတ်လပ်၍ မျှတသော အထွေထွေရွေးကောက်ပွဲသစ်ကို ကျင်းပပေးသွားနိုင်မည်ဖြစ်သည်။

> ❑ လက်ရှိအနေအထားတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ချမ်းသာကြွယ်ဝရေးနှင့် နိုင်ငံသားအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်လမ်းကြောင်းမှာ ဝေဝါးကြမ်းတမ်းနေဆဲဖြစ်သည်။ လက်ရှိအခြေအနေများအရ ကျန်းမာရေးဆိုင်ရာ လက်ငင်းစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီးချိန်တွင် သက်ဆိုင်သူအားလုံးအနေဖြင့် ပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရန်၊ ခြေတစ်လှမ်းနောက်ဆုတ်၍ အခြေအနေကို လက်တွေ့ကျကျ သုံးသပ်ရန် လိုအပ်လျက်ရှိ

ကနဦးက အားကောင်းခဲ့သော အရပ်ဘက်ဖီလာဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် ဆန္ဒထုတ်ဖော်မှုများသည် ပျောက်ကွယ်သွားပြီဖြစ်သည်။ NUG နှင့် CRPH တို့သည် တရားမဝင်အဖွဲ့အစည်းများဖြစ်လာပြီး ယင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ အားပေးထောက်ခံသူများသည် အကြမ်းဖက်ဥပဒေအရ (သို့) နိုင်ငံတော်သစ္စာဖောက်မှုတို့ဖြင့် တရားစွဲဆိုခံထားရသည်။ သို့ဖြစ်ရာ NUG နှင့် CRPH အနေဖြင့် ပြည်ပသို့မဟုတ် ကေအင်ယူ၊ ကေအိုင်အို ထိန်းချုပ်နယ်မြေများတွင် မြေအောက်လှုပ်ရှားမှုအဖြစ် ဖြန့်ခွဲလှုပ်ရှားနေပြီး အနာဂတ်တွင် ယုံကြည်အားကိုးလောက်သည့် နိုင်ငံရေးအင်အားစု ဖြစ်လာနိုင်ဖွယ်မရှိချေ။ NUG နှင့် CRPH ခေါင်းဆောင်အများစုသည် မြန်မာနိုင်ငံမှ ထွက်ခွာ၍ ဥရောပ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ရောက်ရှိနေကြပြီဖြစ်ရာ လက်ရှိမြေပြင်အခြေအနေကို ထိန်းချုပ်နိုင်ခြင်း (သို့) သိရှိနိုင် ခြင်းမရှိပေ။

**အစိုးရတစ်ရပ်၏ ဩဇာလွှမ်းမိုးမှုမရှိ**

NUG ခေါင်းဆောင်ပိုင်း၏ ကျန်ရှိနေသည့် နိုင်ငံရေး ဦးတည်ချက်မှာ ယင်းတို့အဖွဲ့အစည်းကိုသာ အကျိုးပြုမည့် တရားဝင်အသိအမှတ်ပြုမှုရရှိရေးဖြစ်သည်။ NUG ခေါင်းဆောင်ပိုင်းအနေဖြင့် အနောက်တိုင်း၏ နိုင်ငံရေးမျှော်မှန်းချက်များကို နားလည်နိုင်စွမ်းမရှိမှုကြောင့် အဆိုပါဦးတည်ချက်မှာလည်း လက်လှမ်းမမီဖြစ်နေပုံရသည်။ ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ခန့်အပ်လွှာ အပြိုင်အဆိုပြုခြင်းကိစ္စသည် နိုင်ငံတကာမျက်နှာစာတွင် NUG အစိုးရအား နောက်ဆုံးမြင်တွေ့ရမှု ဖြစ်ကောင်းဖြစ်နိုင်သည်။ NUG သည် အမှန်တကယ် ဌာနလက်ကိုင်မရှိသည့် ဝန်ကြီးများ၊ ဒုဝန်ကြီးများ (shadow ministers and their deputies) ခန့်အပ်ထားသော်လည်း အမှန်တကယ် ခေါင်းဆောင်မှုပေးရန် လိုအပ်သည့် အထောက်အပံ့ဖွဲ့စည်းတည်ဆောက်မှုများမရှိဘဲ အစိုးရတစ်ရပ်၏ ဩဇာလွှမ်းမိုးမှုကိုလည်း ဖြန့်ကြက်နိုင်စွမ်းမရှိသည်ကို တွေ့ရသည်။ ရိုဟင်ဂျာဆိုသူများကိစ္စတွင် အရှည်တည်တံ့မည့် အဖြေများအတွက် ကတိကဝတ်များ အဆောတလျင်ပြုသော်လည်း အောင်မြင်မှုမရှိချေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကျယ်ကျယ်လောင်လောင် အပြစ်တင်ဝေဖန်ရုံမှလွဲ၍ ပိုမိုကောင်းမွန်သည့်အဖြေများ အကြံပြုတင်ပြနိုင်ခြင်းမရှိသကဲ့သို့ မည်သည့်မူဝါဒကိုမျှ ၎င်းတို့ဘာသာ လုပ်ဆောင်နိုင်ခြင်းမရှိချေ။

ယင်းနှင့်စပ်လျဉ်း၍ အဓိကမေးခွန်းထုတ်ရမည်မှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အာဏာလွှဲပြောင်းရယူမှု၏ နောက်ကွယ်ရှိ တကယ့်အကြောင်းရင်းများကိုဖြစ်သည်။ NLD အစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့သော မည်သည့်စိန်ခေါ်မှုများသည် တပ်မတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံရေး၌ ပိုမိုတက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်စေခဲ့ပါသနည်း။

**အရပ်ဘက်နှင့် တပ်ဘက်အကြား တင်းမာမှုများ**

တပ်မတော်အနေဖြင့် ပိုမိုကြီးမားသည့် နိုင်ငံရေးဩဇာကျင့်သုံးခြင်း၏ အကြောင်းရင်းများကို အများက ဆွေးနွေးငြင်းခုံလျက်ရှိကြသည်။ အားကောင်းသည့် အကြောင်းပြချက်နှင့် မြန်မာနိုင်ငံရေးတွင် အရပ်ဘက်နှင့် တပ်ဘက်အကြား ကျော်လွှား၍ မရနိုင်သည့် တင်းမာမှုများ ရှိနေခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဤလမ်းကြောင်းကို လျှောက်လှမ်းရန် ဆုံးဖြတ်ခဲ့ပုံရသည်မှာ ထင်ရှားသည်။

တပ်မတော်မှ နိုင်ငံရေးထိန်းချုပ်မှုရယူခြင်း၏ ဖြစ်နိုင်သည့် အဓိက နောက်ကွယ်အကြောင်းအချက်သုံးချက်မှာ-

(က) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ
- ၂၀၂၀ ရွေးကောက်ပွဲများ၏ လွတ်လပ်မျှတမှုကို တပ်မတော်နှင့် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများက သံသယရှိကြောင်း ဖော်ပြခဲ့ကြသည်။

(ခ) နိုင်ငံအတွင်း အင်အားမျှခြေမရှိမှု
- ပျက်စီးယိုယွင်းနေပုံရသော အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကို ကျော်လွန်၍ ကြည့်ပါက နေပြည်တော်နှင့် တိုင်းရင်းသားသက်ဆိုင်သူများအကြား ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆက်ဆံရေးတွင် စိန်ခေါ်မှုများ ရှိနေခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အာဏာရယူခဲ့ရသည့်အကြောင်းတစ်ရပ်ဖြစ်သည်။

(ဂ) ပြည်တွင်းအကျိုးစီးပွားများကို ဟန်ချက်ညီ ထိန်းညှိ၍ ပြည်တွင်းရေးတွင် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ကြံ့ကြံ့ခံမှု
- ရှစ်လေးလုံး အရေးအခင်းမှစ၍ (အထူးသဖြင့် ၂၀၀၈ ခုနှစ်၊ ဆိုင်ကလုန်းနာဂစ်အပြီး ကယ်ဆယ်ရေး ဆောင်ရွက်မှုများမှစ၍) အနောက်နိုင်ငံရေးအင်အားစုသည် တစ်ကိုယ်ကောင်းဆန်သည့် နိုင်ငံရေး စေ့ဆော်မှုများဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ရန်နှင့် ဒီမိုကရေစီ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် လွတ်လပ်သည့် မီဒီယာဟူသည့် အပေါ်ယံမျက်နှာစာ ပျိုးထောင်ရန် မဆုတ်မနစ် ဆောင်ရွက်လာခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အနောက်နိုင်ငံရေးအင်အားစုများ၏ အပိုင်စီးထိန်းချုပ်မှုကို သတိမမူမိဘဲ အချို့သော မူဝါဒဖော်ဆောင်မှုများသည် အမျိုးသားအကျိုးစီးပွားများနှင့် ဆန့်ကျင်နေသည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ အင်အယ်လ်ဒီ အစိုးရလက်ထက် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်သည် ဝါရှင်တန်၏ တိုက်တွန်းမှုဖြစ်ပြီး ယင်းသည် အခြေကျနေသည့် စီးပွားရေး အထက်တန်းလွှာများအကြား ခုခံဆန့်ကျင်မှုများနှင့် ကြုံတွေ့ကောင်း ကြုံတွေ့ခဲ့ရနိုင်သည်။ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းမှစ၍ လက်လီ၊ လက်ကားကုန်သွယ်ရေးမှသည် မြောက်မြားစွာသော စီးပွားရေးအခွင့်အလမ်းများကို ပြည်ပကုမ္ပဏီများသို့ ပေးအပ်ခဲ့သော်လည်း အကျိုးအမြတ် များများစားစား ပြန်လည်ရရှိခြင်း မရှိခဲ့ပေ။ အလားတူစွာ နိုင်ငံ၏ အဓိကအခြေခံအဆောက်အအုံ စီမံကိန်းများကို ပြန်လည်သုံးသပ်ရေး ဘုတ်အဖွဲ့ဖြစ်သည့် ပရောဂျက်ဘဏ်ကဲ့သို့သောအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် လုပ်ငန်းတစ်ဆို့ကြန့်ကြာမှုများကြုံတွေ့၍ ပြည်တွင်းပုဂ္ဂလိက ကဏ္ဍအကြားအခွင့်အရေးများ ဆုံးရှုံးသည်ဟု ခံစားရကာ စိတ်ပျက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

စင်စစ်တွင် ၂၀၀၈ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်းမှစ၍ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှတစ်ဆင့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ နယ်စပ်ဒေသများတွင် ရန်လိုမှုများ ရပ်ဆိုင်းရေး၊ ထိုက်သင့်သည့် စီးပွားရေးတံခါးဖွင့်လှစ်မှုတို့နှင့် စပ်လျဉ်း၍ မှတ်သားလောက်သည့် တိုးတက်မှုများ ရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အလားအလာ ရှိသည့် ဈေးကွက်အနေဖြင့် ပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်းနှင့် ပြည်ပနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် စီးပွားရေးလုပ်ငန်း များလည်း ဖွံ့ဖြိုးတိုးတက်မည့်အခြေအနေရှိခဲ့သည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အနေဖြင့် အရေးပါသည့် မှတ်ကျောက် တင်နိုင်ခဲ့သည်။ ယင်းတို့အနက် အသိသာဆုံးမှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်က တိုးတက်မှုရရှိထားသည့် စီးပွားရေး နှင့် နိုင်ငံရေး ပြန်လည်သင့်မြတ်မှုကို ညတွင်းချင်း ပျက်ယွင်းသွားအောင် မလုပ်နိုင်လောက်ဟု ဆက်လက်မျှော်လင့်ရသည်။

**ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ (၂၀၂၀ ရွေးကောက်ပွဲ မသမာမှုဆိုင်ရာ ပြောကြားမှုများ သည် အခြေအမြစ်ရှိသလား)**

၂၀၂၀ ရွေးကောက်ပွဲများသည် အချက်အချာကျ သည့် နိုင်ငံရေးဖြစ်ရပ်တစ်ခုဖြစ်ပြီး တပ်မတော်မှ ယင်းအနေဖြင့် နိုင်ငံရေးတွင်ပါဝင်မှု တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ရခြင်းနှင့် သက်ဆိုင်နေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ရွေးကောက်ပွဲများ ပြင်ဆင်ရေး၊ ကျင်းပရေးနှင့် နိုင်ငံတကာမှ လာရောက်စောင့်ကြည့်ရေးကိစ္စများသည် အနှောင့် အယှက်ဖြစ်ခဲ့ရသည်။

**မဲဆွယ်ရေးလုပ်ငန်းများကို မည်သို့ဆောင်ရွက်ခဲ့**

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက် ပွဲနေ့တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအမံများကို စွမ်းအားရှိသလောက်အကောင်းဆုံး ပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲ မကျင်းပမီ ကိုဗစ်- ၁၉ ကာလအတွင်း နိုင်ငံရေးပါတီများ အနေဖြင့် မဲဆွယ်ရေးလုပ်ငန်းများကို မည်သို့ ဆောင်ရွက်ခဲ့သည်ဆိုခြင်းမှာ မေးခွန်းထုတ်ဖွယ် ဖြစ်သည်။

မြန်မာနိုင်ငံ၏တိုင်းရင်းသား၊ယုံကြည်ကိုးကွယ် မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများ ပေါကြွယ် ဝမှုကြောင့်အားလုံးပါဝင်သည့်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးကိစ္စသည် လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။ ပြည်သူ့ဆန္ဒနှင့် နိုင်ငံအတွင်းရှိ အမျိုးမျိုးသော အုပ်စုများကို တိုင်းရင်းသား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကား များအရ ကွဲပြားသည့် ခေါင်းဆောင်များက ကိုယ်စားပြုနေသည်။ ၂၀၂၀ ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် တိုင်းရင်းသားနိုင်ငံရေးပါတီများ နှင့် အင်အားနည်းသည့် နိုင်ငံရေးပါတီများ၏ ကံကြမ္မာကို ပိုမိုအာရုံစိုက်ရန် လိုအပ်သည်။ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် အင်အားနည်း သည့် နိုင်ငံရေးပါတီများအနေဖြင့် ယုံကြည်စိတ်ချ ရသော မဲဆွယ်စည်းရုံးရေး ပြုလုပ်နိုင်မည်လော၊ ကောင်းစွာအခြေကျနေသည့် NLD နှင့် USDP တို့ ကဲ့သို့ အင်အားကြီးနိုင်ငံရေးပါတီများအား ယင်းတို့ ၏ အမြင်၊ မူဝါဒရပ်တည်ချက်များဖြင့် ယှဉ်ပြိုင်သွား နိုင်မည်လော ဆိုသည်မှာ စဉ်းစားစရာ ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲရလဒ်အရ ဒေါ်သက် သက်ခိုင်၏ People's Pioneer Party နှင့် သူရ ဦးရွှေမန်းတို့၏ Union Betterment Party ကဲ့သို့ ပါတီသစ်များနှင့် တိုင်းရင်းသား မဲဆန္ဒရှင်များ အတွက် မအောင်မြင်မှုတစ်ခုဖြစ်ခဲ့ကြောင်း ပြဆိုနေ သည်။ ပါတီသစ်များနှင့် တိုင်းရင်းသားပါတီများ ကိုယ်စားပြုနိုင်မှု အားနည်းခြင်း (စင်စစ်တွင် ကိုယ်စားပြုနိုင်ခဲ့မှုမရှိခြင်း) သည် အနိုင်ရသူ အကုန် ယူ (first-past-the-post) ရွေးကောက်ပွဲစနစ် ကြောင့်သာမဟုတ်ဘဲ ကိုဗစ်-၁၉ နှင့် ပတ်သက် သည့် စည်းမျဉ်းကန့်သတ်ချက်များကြောင့် မဲဆွယ် စည်းရုံးရေးလုပ်ငန်းများ မပြုလုပ်နိုင်ခြင်းကြောင့် လည်း ဖြစ်သည်။ ပါတီဝင်အင်အား များပြားပြီး လူထုထောက်ခံမှုရှိသော်လည်း ကိုဗစ်-၁၉ ကာလ အတွင်း မဲဆွယ်စည်းရုံးရေးဆိုင်ရာ အခွင့်အရေးများ တူညီစွာမရရှိမှုသည် ပါတီသစ်များနှင့် ပါတီငယ်များ အတွက် လွှတ်တော်၌ ကိုယ်စားပြုနေရာ မရရှိစေ သည့် အကြောင်းရင်းဖြစ်သည်။ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးက မြန်မာ့ဒီမိုကရေစီစနစ်တွင် အပြန်အလှန် ထိန်းကျောင်းမှုများသည် အုပ်ချုပ်ရေး နှင့် ဥပဒေပြုရေးမဏ္ဍိုင်များတွင် နိုင်ငံရေးပါတီ တစ်ခုတည်းက ထိန်းချုပ်ထားသည့် အခြေအနေ ကြောင့် တိုက်စားခံရမည်ကို စိုးရိမ်ကြောင်း၊ ကျွန်တော်တို့အနေနဲ့ အစိုးရအပေါ် အပြန်အလှန် ထိန်းကျောင်းမှု တကယ်လုပ်ဆောင်မယ့် လွှတ်တော်တစ်ရပ်ရှိရန် ဆန္ဒရှိကြောင်း၊ သို့ဖြစ်ရာ ပါတီတစ်ခုတည်းက လွှမ်းမိုးထားမှုကြောင့် အပြန် အလှန် ထိန်းကျောင်းမှု လုပ်ဆောင်နိုင်မည့်စနစ်အား ထိခိုက်မည်ကို စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ USDP ပါတီအပါအဝင် နိုင်ငံရေးပါတီ ၂၄ ခုက ပေါ်ပေါ်ထင်ထင် ကန့်ကွက်နေသည့်ကြားမှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ကူးစက်ရောဂါလှိုင်း ပြင်းထန်မှု အခြေ အနေကို လျစ်လျူရှု၍ မူလစီစဉ်ထားသည့်အတိုင်း ၂၀၂၀ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄ တွင် လက်ရှိ သမ္မတ (သို့) ဒုသမ္မတသည် နိုင်ငံရေးပါတီ တစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင် ၎င်းတို့အနေဖြင့် နိုင်ငံတော်ရာထူးတာဝန်ယူထားသည့် သက်တမ်း ကာလအတွင်း ပါတီလှုပ်ရှားမှုများတွင် ပါဝင်ခြင်း မရှိရဟု ဆိုထားသည်။ သမ္မတဦးဝင်းမြင့်သည် ယင်းပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အွန်လိုင်းမှတစ်ဆင့် ပါတီမဲဆွယ် စည်းရုံးရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် အာရုံမစိုက်ဘဲ နေ၍မရသည့် ဝေဖန် ပြောဆိုမှုများတွင် အမျိုးသားလွှတ်တော် ရွေးကောက်ခံကိုယ်စားလှယ်များအား ရွေးချယ် သည့် မဲဆန္ဒနယ်မြေများအား အပြောင်းအလဲ ပြုလုပ်ခြင်းလည်းပါဝင်သည်။ ဥပမာအားဖြင့် ရခိုင် ပြည်နယ်အတွင်းရှိ သက်ဆိုင်သူများ၊ မဲဆန္ဒရှင်များ အနေဖြင့် ယခင် ရခိုင်အမျိုးသားပါတီ (ANP) အနိုင် ရရှိခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်း (ဥပမာ၊ မောင်တော) ၌ မဲဆန္ဒနယ်များ ဖယ်ရှားခံခဲ့ရခြင်းနှင့် NLD လွှမ်းမိုးမှုရှိသော ရခိုင်ပြည်နယ်တောင်ပိုင်း (ဥပမာ၊ ဂွ) ၌ မဲဆန္ဒနယ်သစ်များ ဖွဲ့စည်းခဲ့ခြင်း တို့အပေါ် မကျေနပ်သည့် တိုင်တန်းမှုများ ပြုနိုင် ခြင်းဖြစ်သည်။

**မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်ဟု ခံစားရနိုင်**

ပဋိပက္ခဖြစ်ပွားရာဒေသများ၌ ရွေးကောက်ပွဲ များအား ဖျက်သိမ်းရာတွင် ညီညာမျှတမှု မရှိခြင်း ကြောင့် အချို့သော တိုင်းရင်းသားနှင့် ဘာသာရေး

**❍ မြန်မာနိုင်ငံ၏ တိုင်းရင်းသား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများ ပေါကြွယ်ဝမှုကြောင့် အားလုံးပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးကိစ္စသည် လွယ်ကူသည့်ကိစ္စမဟုတ်ပေ။ ပြည်သူ့ဆန္ဒနှင့် နိုင်ငံအတွင်းရှိ အမျိုးမျိုးသော အုပ်စုများကို တိုင်းရင်းသား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများအရ ကွဲပြားသည့် ခေါင်းဆောင်များက ကိုယ်စားပြုနေသည်**

အဖွဲ့အစည်းများအနေဖြင့် မဲပေးခွင့်ဆုံးရှုံးခဲ့ရသည် ဟု ခံစားရကောင်း ခံစားရနိုင်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့ဖြင့် ပဲခူးတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မဲဆန္ဒနယ် များစွာနှင့် အချို့သော ကျေးရွာအုပ်စုများတွင် ရွေးကောက်ပွဲများ ဖျက်သိမ်းကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။ ဖျက်သိမ်းခဲ့သည့် မဲဆန္ဒနယ်များ တွင် တိုင်းရင်းသား နိုင်ငံရေးပါတီများအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်နေရာများအတွက် ရွေးချယ်ခံရနိုင်သည့် အခွင့်အလမ်းရှိသော နယ်မြေ များပါဝင်ပြီး လုံခြုံရေးအခြေအနေအရလည်း ရွေးကောက်ပွဲများ ကျင်းပမည်ဆိုလျှင် ကျင်းပ နိုင်သည့် အခြေအနေရှိခဲ့သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်နှင့် စပ်လျဉ်း၍ မွန်ညီညွတ်ရေးပါတီ၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီနှင့် ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့အပါအဝင် တိုင်းရင်းသားနိုင်ငံရေး ပါတီများစွာက ရွေးကောက် ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဖျက်သိမ်းခြင်းကို လက်မခံကြောင်း ချက်ချင်းဆိုသလို ပူးတွဲထုတ်ဖော် ပြောဆိုခဲ့ကြသည်။

**လူဦးရေ ၁ ဒသမ ၁ သန်းခန့် မဲပေးခွင့်ဆုံးရှုံး**

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲများ အများ ဆုံးဖျက်သိမ်းခံခဲ့ရပြီး လူဦးရေ ၁ ဒသမ ၁ သန်းခန့် မဲပေးခွင့် ဆုံးရှုံးခဲ့ရသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ရလဒ်များအရ အဆိုပါ လူဦးရေသည် ရခိုင်အမျိုးသား ပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တို့ကို အများဆုံးထောက်ခံသူများဖြစ်ကြသည်။ ပေါက်တောမြို့နယ်ရှိ ရွေးကောက်ပွဲများ ဖျက်သိမ်း ခဲ့သော်လည်း တိုက်ပွဲများပြင်းထန်ခဲ့သည့် NLD အားပေးထောက်ခံသူများရှိသော ချင်းပြည်နယ် ပလက်ဝမြို့နယ်ကဲ့သို့သော မဲဆန္ဒနယ်မြေများတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ဖိအားပေးမှုများ ရှိလာသောအခါမှသာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာ အုပ်စု ၉၄ ခုတွင် ရွေးကောက်ပွဲများ ဖျက်သိမ်း ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက် နေ့တွင် ကြေညာခဲ့သည်။ ရွေးကောက်ပွဲများ ဖျက်သိမ်းခံရသည့် မြို့နယ်များသည် တိုင်းရင်းသား နိုင်ငံရေးပါတီများအတွက် မဲများသိသိသာသာ ရရှိ နိုင်သည့် ဒေသများဖြစ်သည်။

မဲပေးနိုင်ခွင့်အပြင် သတင်းအချက်အလက်များ အား လက်လှမ်းမီမှုသည်လည်း ရခိုင်ပြည်နယ်တွင် နောက်ထပ် ကြီးမားသည့် အခက်အခဲတစ်ခုဖြစ် သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် NLD အစိုးရသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘူးသီး တောင်၊ မင်းပြား၊ ကျောက်တော်မြို့နယ်များနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့၌ အင်တာနက် ဖြတ်တောက်ရန် ညွှန်ကြားခဲ့သည်။ အင်တာနက် ဖြတ်တောက်မှုကြောင့် မဲပေးသူများအနေဖြင့် ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ ရပ်တည်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များ ရယူရာတွင် သက်ရောက်မှုရှိခဲ့ သည်။ ဤကိစ္စသည် လူဦးရေ တစ်သန်းခန့်အပေါ် အကျိုးသက်ရောက်မှု ရှိခဲ့ခြင်းကြောင့် ၂၀၁၅ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် တိုင်းရင်းသား လူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများ၌ ရွေးကောက်ပွဲများ၏ တရားမျှတမှုကို မေးခွန်း ထုတ်စရာဖြစ်ခဲ့သည်။

**အငြင်းပွားဖွယ်ရာ ကိစ္စများရှိခဲ့သည်မှာ ထင်ရှား**

၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ တင်းမာသည့် အခြေအနေများနှင့် အငြင်းပွားဖွယ်ရာကိစ္စများ ရှိခဲ့သည်မှာလည်း သိသာထင်ရှားသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ မတိုင်မီ ရက်အနည်းငယ်အလိုတွင် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ကို ရုတ်တရက် ဖျက်သိမ်းခဲ့သည်။ ယင်းပါတီတွင် NLD ပါတီကဲ့သို့ ကိုယ်စားလှယ်လောင်း ၁၀၀၀ ကျော် ပါဝင်ပြီး ပါတီခေါင်းဆောင် မိုက်ကယ်ကျော်မြင့်ကို အရည်အချင်း မပြည့်မီဟုဆိုကာ ပယ်ချ၍ ငွေကြေး ခဝါချမှု ဥပဒေကို ချိုးဖောက်မှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံမှ မြန်မာ ကျပ်ငွေ ၁၆ ဘီလီယံရယူကြောင်းနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြောင်း စွပ်စွဲခံခဲ့ရ သည်။

အလားတူ ကော့မှူးမြို့နယ်၌ ဒေါ်အောင်ဆန်း စုကြည်နှင့်အပြိုင် ရွေးကောက်ခံမည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဦးငွေအောင်သည်လည်း ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံခြားသားများနှင့် လျှို့ဝှက်ပူးပေါင်း ဆောင်ရွက်သည်၊ မမှန်ကန်မှုများ ပြုလုပ်နေခြင်းတို့ရှိသည်ဟု ဝေဖန်ပြောဆိုခဲ့ခြင်း ကြောင့် နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ဦးငွေအောင်၏ စွပ်စွဲချက်များကို အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ပြန်လည်ဖြေရှင်း ချက်ပေးနိုင်သော်လည်း NLD အစိုးရသည် ၎င်းတို့၏ ပြိုင်ဘက် ဦးငွေအောင်ကို နှစ်ရှည် ထောင်ဒဏ် ချမှတ်၍ နှုတ်ဆိတ်စေခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

❖ *ကျောဖုံးမှ*

၃။ ဖော်ပြပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ (၇၂) ဦးမှာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှ (၄၈) ဦး နှင့် ကလေး မြို့မှ (၂၀)ဦး၊ အဆိုပါဒေသများမှ ရောက်ရှိလာသူများမှ တစ်ဆင့် ထပ်မံကူးစက်ခံရသူ (၃) ဦးနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလူနာများမှ ရောဂါအတည်ပြုလူနာ (၁) ဦး တို့ ဖြစ်ကြပါသည်။ အဆိုပါလူနာများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုဆောင်ရွက်ထားရှိပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများအား အသွားအလာ ကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ယနေ့အထိ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိသူဦးရေ စုစုပေါင်း (၂၈၃) ဦး ရှိပြီဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏာများ စုစုပေါင်း ၂၂ ပါးတို့ကို Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဇန်နဝါရီ ၂၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒ၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ပတ်သက်၍ ယခင်နေ့များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ (ပထမအဖွဲ့ခွဲ) ဆရာတော်ကြီး ကိုးပါး၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)သင်ကြား/စီမံ၊ စာသင်သား သံဃာတော် ၂၄၉ ပါး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် သင်ကြား/ စီမံ၊ စာသင်သား သံဃာတော်နှင့် သီလရှင် ၁၂၈ ပါး တို့ကို ကာကွယ်ဆေးထိုးနှံခဲ့သည်။

ထို့အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် ရှေးဟောင်းတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏာများ စုစုပေါင်း ၂၂ ပါး တို့ကို ကာကွယ်ဆေးထိုးနှံခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီး ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ပတ္တမြားပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပန်မြို့နယ်ရှိ မြသိန်းတန် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ ဒေသခံပြည်သူ ၆၁၂၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၄၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၃၂ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၅၄၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၅၄၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၈၂၁၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် မဘိမ်းမြို့တို့၌ ကျောင်းသားကျောင်းသူ ၃၂ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၆၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၀တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အကျဉ်းသား၊ အချုပ်သားများအတွက် ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နေပြည်တော် အချုပ်ထောင်သို့ သွားရောက်၍ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအတွက် ဆေးဝါးများ၊ နေ့စဉ်သုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်းနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

**လှူဒါန်း**

ထို့ပြင် အကျဉ်းသူ မိခင်နှင့် အတူ ပါရှိလာသော ကလေးငယ်များအတွက်လည်း ဖြည့်စွက်အစားအစာနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကို အကျဉ်းသူမိခင်များထံ လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူတွေနဲ့ လူငယ်တွေ စိတ်ဝင်စားမယ့် ပြကွက်၊ ပြခန်းတွေအပြင် ဂိမ်းတွေလည်း စီစဉ်ထားရှိတဲ့အတွက် လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်

**ဒေါက်တာ ဉာဏ်ဝင်းသန်း**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

ထို့ကြောင့် လူငယ်နှင့်စာပေပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ဝန်ကြီးဌာနများမှ တာဝန်ယူပြသမည့် ကဏ္ဍအလိုက်ပြခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ပြခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားမှုများကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးဆန်းမြင့် (ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန)**

ဒီပွဲတော်ကြီးမှာ ကျွန်တော်တို့ ဌာနအနေနဲ့ ပြခန်း(၁)ခန်း၊ ပြကွက်(၅)ခုကို ပြသထားပါတယ်။ ပင်လုံနဲ့ပတ်သက်တဲ့ အထောက်အထားပြကွက်၊ သမိုင်းဝင်စာချုပ်စာတမ်းပြကွက်၊ မော်ကွန်းအထောက်အထားပြကွက်၊ တန်ဖိုးရှိတဲ့ အထောက်အထားတွေနဲ့ ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားတဲ့ ပြကွက်တွေကို ပြသထားပါတယ်။ ဒီပွဲတော်က ပြည်ထောင်စုနေ့ အကြိုလုပ်တဲ့ ပွဲတော်ဖြစ်တဲ့အတွက် ပင်လုံနဲ့ပတ်သက်တဲ့ အဓိက အထောက်အထားတွေကို ပြသထားပါတယ်။ နောက်ပြီး မဟာဗန္ဓုလနဲ့ပတ်သက်တဲ့ ရှေးဟောင်း အထောက်အထားတစ်ခုကိုလည်း ပြသသွားမှာဖြစ်ပါတယ်။

ပြသရတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေအနေနဲ့ သမိုင်းဆိုင်ရာ အထောက်အထားတွေကို လက်တွေ့မျက်မြင် ကိုယ်ကျ ကြည့်ရှုနိုင်မှာဖြစ်တဲ့အပြင် လေ့လာမှတ်သားပြီး ဗဟုသုတတွေ တိုးပွားလာစေဖို့ဖြစ်ပါတယ်။ လူငယ်နှင့်စာပေပွဲတော်ကျင်းပခြင်းဟာ လူငယ်တွေအတွက် များစွာအကျိုးရှိပါတယ်။ နောက်ပြီး ဒီသမိုင်းအထောက်အထားတွေကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဖို့ တာဝန်ရှိပါလားဆိုတာကိုလည်း လူငယ်တွေ သိရှိနားလည်စေမှာဖြစ်ပါတယ်။

**ဒေါက်တာ သန်းနိုင်စိုး (ညွှန်ကြားရေးမှူး၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဦးစီးဌာန)**

လူငယ်နှင့် စာပေပွဲတော်မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လူငယ်တွေ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကင်းစင်ပြီး အန္တရာယ်ကင်းစွာ ပျော်ပျော်ရွှင်ရွှင်နဲ့ ပါဝင်ဆင်နွှဲနိုင်ဖို့ အဓိက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပွဲတော်ကျင်းပနေတဲ့အချိန်မှာ ကျောင်းသားလူငယ်တွေ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့စည်းကမ်းတွေ၊ ကာကွယ်ရေးနည်းလမ်းတွေကို သိရှိပြီး လိုက်နာသွားကြဖို့အတွက် ပြခန်းတွေကိုလည်း ထည့်သွင်းခင်းကျင်းပြသထားပါတယ်။ ဂိတ် အဝင်/ အထွက်တွေမှာ Thermal Scanner နဲ့ ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းအပြင် Social Zone မှာ Medical Cover ဆောင်ရွက်ဖို့ ဆေးခန်းတွေလည်း ဖွင့်ပေးထားပါတယ်။ အရေးပေါ်အခြေအနေတစ်ခုခု ဖြစ်ခဲ့မယ်ဆိုရင် အချိန်မီ တုံ့ပြန်ဆောင်ရွက်ဖို့



ဦးဆန်းမြင့်

အတွက် ဇဗ္ဗူသီရိဆေးရုံကို ကြိုတင်ပြင်ဆင်ထားပါတယ်။

ကျောင်းသားလူငယ်တွေ စိတ်ပါဝင်စားမှုရှိနိုင်တဲ့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကိုမြင်နေရတဲ့ အနေအထားနဲ့ မျက်လုံးရဲ့နောက်မှာ အာရုံကြောတွေ ဘယ်လိုဖွဲ့စည်းထားတယ်၊ ခန္ဓာကိုယ်အတွင်းထဲမှာရှိတဲ့ အဆုတ်၊ အသည်းနဲ့ နှလုံးက ဘယ်လိုပုံစံရှိတယ်၊ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ ဘယ်လိုအလုပ်လုပ်တယ်၊ ဂရုစိုက်ပြီး ဘယ်လိုစောင့်ရှောက်ဖို့လိုအပ်တယ် စတဲ့ ပုံစံတွေကို ခင်းကျင်းပြသထားပါတယ်။ အထူးသဖြင့် ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးဝါးတွေရဲ့ အန္တရာယ်တွေကိုလည်း ပြသထားပါတယ်။ အရက်အန္တရာယ် ပြကွက်မှာဆိုရင် ပုံမှန်အသည်း၊ အရက်သောက်လို့ အသည်းခြောက်တဲ့လူရဲ့ အသည်းနဲ့ အသည်းကင်ဆာ ဖြစ်တဲ့လူရဲ့အသည်းကို ယှဉ်ပြထားပါတယ်။ ဆေးလိပ်အန္တရာယ် ပြကွက်မှာဆိုရင် လူကောင်းတစ်ယောက်ရဲ့ ပုံမှန်အဆုတ်နဲ့ ဆေးလိပ်သောက်လို့ အဆုတ်ကင်ဆာဖြစ်တဲ့သူရဲ့ အဆုတ်၊ အဆုတ်ပွရောဂါဖြစ်တဲ့ သူတွေရဲ့ အဆုတ်တွေကို ယှဉ်ပြထားပါတယ်။ ဒီလိုယှဉ်ပြထားလို့ ကလေးလူငယ်တွေ မြင်တဲ့အခါ ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးဝါရဲ့အန္တရာယ်ကို သိရှိပြီး ရှောင်ကျဉ်နိုင်မှာဖြစ်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ပတ်သက်တဲ့ သွားတိုက်တာ၊ လက်ဆေးတာအပြင် ကျောင်းကျန်းမာရေးနဲ့ပတ်သက်တဲ့ ပြကွက်တွေပါ ပြသထားပါတယ်။

ပြခန်းကို လာရောက်လည်ပတ်ကြတဲ့ ကျောင်းသားလူငယ်တစ်ဦးကို သွားတိုက် ဆေးဘူးတစ်ဘူးစီဝေငှသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ကျန်းမာရေး အသိပညာမြှင့်တင်ပေးရတဲ့ဌာနတစ်ခုဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေအနေနဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ဆောင်ရန်ရှောင်ရန်တွေကို ငယ်ငယ်ကတည်းက သိသွားတဲ့အခါ အကျင့်ပါသွားပြီး အသက်ကြီးလာတဲ့အထိ



ဒေါက်တာ သန်းနိုင်စိုး

ကျန်းမာကြံ့ခိုင်စေပြီး ပညာတတ်လူငယ်တွေ ပေါ်ထွက်လာဖို့ မျှော်လင့်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းတွေနဲ့ပတ်သက်ပြီး Mask တပ်တဲ့အခါ ဘယ်လို ကာကွယ်မှုရတယ်ဆိုတာက အစ ပြည့်ပြည့်စုံစုံ ပြသထားတဲ့အတွက် ကျောင်းသားလူငယ်တွေ လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ ဉာဏ်ဝင်းသန်း (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ ပြခန်း (၄) ခန်း ပြသထားပါတယ်။ ပထမဆုံးပြခန်းကတော့ ဝန်ကြီးဌာနကိုယ်စားပြု ပြခန်းဖြစ်ပါတယ်။ ဒုတိယနဲ့ တတိယကတော့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနဲ့ သက်ဆိုင်တဲ့ ပြခန်းဖြစ်ပြီး စတုတ္ထအခန်းက အဆင့်မြင့်သိပ္ပံနဲ့နည်းပညာဦးစီးဌာနနဲ့ သက်ဆိုင်တဲ့ ပြခန်းဖြစ်ပါတယ်။ ပွဲတော်မှာ ကျောင်းသား ကျောင်းသူတွေ ကျောင်းမှာ လက်တွေ့သင်ကြားနေရတဲ့ ပစ္စည်းတွေကို ဦးစားပေးရွေးချယ်ပြီး ခင်းကျင်းပြသထားပါတယ်။ အပိုင်း (၃) ပိုင်း ရွေးချယ်ပြီးတော့ ပြသထားတာဖြစ်ပါတယ်။ Automation နဲ့ပတ်သက်တဲ့ အပိုင်း၊ Renewable Energy၊ မော်တော်ယာဉ်နည်းပညာသုတေသနနဲ့ ပတ်သက်တဲ့ အပိုင်းတွေကို ပြသထားပါတယ်။ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူတွေ ကျွန်တော်တို့ပြခန်းကို လာရောက်ကြည့်ရှုတဲ့အခါ နည်းပညာနဲ့သက်မွေးကဏ္ဍကို ရွေးချယ်ပြီးတော့ တက်ရောက်ခဲ့မယ်ဆိုရင် သူတို့ ဘယ်လိုမျိုး သင်ကြားရမယ်ဆိုတာ ကြိုတင်ပြီးတော့ မက်ဆေ့ပေးချင်တဲ့အနေနဲ့ ဒီပြခန်းတွေကို ပြသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ လူငယ်တွေ စိတ်ဝင်စားမယ့် ပြကွက်၊ ပြခန်းတွေအပြင် ဂိမ်းတွေလည်း စီစဉ်



ဒေါက်တာ ဉာဏ်ဝင်းသန်း

ထားရှိတဲ့အတွက် လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဇင်စိုး (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန)**

ပွဲတော်မှာ ပြခန်းပေါင်း (၄၀) ကျော် ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ ကျန်းမာရေးပြခန်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနပြခန်း၊ သိပ္ပံနှင့် နည်းပညာပြခန်း၊ ပညာရေးပြခန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပညာရပ်ဆိုင်ရာပြခန်း၊ မြန်မာနိုင်ငံလေကြောင်းဝါသနာရှင်များအသင်းရဲ့ လေကြောင်းပညာရပ်ဆိုင်ရာ ပြခန်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနကနေပြီး အမျိုးသားစာပေဆုရ စာရေးဆရာကြီးတွေရဲ့ မှတ်တမ်းဓာတ်ပုံတွေနဲ့ စာအုပ်အရောင်းဆိုင်တွေ တွဲဖက်ထားတဲ့ ပြခန်းတွေကို ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။

နောက်ပြီး ကလေးတွေ ပွဲတော်ကြီးကို လာရောက်တဲ့အချိန်မှာ ပျော်ရွှင်စေဖို့အတွက် အမှတ်တရလက်ဆောင်တွေလည်း ပေးသွားမှာဖြစ်ပါတယ်။ ကလေးတွေ စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ဖြစ်အောင် အိမ်ဆောက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတွေကိုလည်း ပျော်ရွှင်စွာဆင်နွှဲနိုင်အောင် စီစဉ်ပြီး ထည့်သွင်းထားပါတယ်။ ပွဲတော်ကို လာရောက်လေ့လာနိုင်ဖို့အတွက် နေပြည်တော်ကောင်စီအတွင်းမှာရှိတဲ့ ကျောင်းတွေက ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုတွေကိုလည်း ဖိတ်ခေါ်ထားပါတယ်။ အနာဂတ်ကျွန်တော်တို့ နိုင်ငံတော်ကြီးမှာ လူငယ်တွေရဲ့ အတွေးအခေါ် အသိအမြင်တွေ လမ်းကြောင်းတည့်မတ်ပေးနိုင်ဖို့ အသိပညာပေးခြင်းအပြင် ပျော်ပွဲရွှင်ပွဲတွေ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးဟာ နိုင်ငံ့အဆင့်အားကစားကွင်းကြီးဖြစ်ပါတယ်။ ဒီလို အားကစားကွင်းကြီးထဲမှာ လူငယ်တွေ ပါဝင်ခဲ့တယ်ဆိုတဲ့ အမှတ်တရမျိုးရရှိစေဖို့ စီစဉ်ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။

ပွဲတော်ကြီးကိုလည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနဲ့အညီ အထူးဂရုစိုက်ပြီး ဆောင်ရွက်ထားပါတယ်။ ပြခန်းတွေကိုလည်း social distancing နဲ့ စနစ်တကျ လေ့လာနိုင်ဖို့ ဆောင်ရွက်ထားတဲ့အပြင် အခန်းတွင်းလှုပ်ရှားမှုတွေမှာလည်း စနစ်တကျကန့်သတ်ပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ ပွဲတော်ကြီးမှာ အရင်ပြပွဲတွေမှာ မြင်တွေ့နေကျ ပြကွက်တွေထက် ထူးခြားပြီး လူငယ်တွေစိတ်ဝင်စားစေဖို့ စီစဉ်ထားပါတယ်။ သိပ္ပံနဲ့နည်းပညာပြကွက်တွေ ပညာရေးဆိုင်ရာ ပြကွက်တွေဆိုရင် ကျောင်းသားကျောင်းသူတွေ စာတွေ့ပဲ သိနေရတဲ့အတွက် လက်တွေ့မြင်နိုင်ဖို့ ထူးထူးခြားခြား စီစဉ်ပေးထားပါတယ်။ အလားတူ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေနဲ့လည်း ကလေးတွေ စာတွေ့သင်နေရတဲ့ ရန္တပိုစာချုပ်၊ အောင်ဆန်း-အက်တလီစာချုပ် စတာတွေကို မြေပြင်မှာ လေ့လာနိုင်ဖို့ စီစဉ်ပြသထားတဲ့အတွက် ပျော်ပျော်ရွှင်ရွှင်နဲ့ ဗဟုသုတစုံလင်စွာ လေ့လာနိုင်ဖို့ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဦးကျော်ကျော်ဝင်း ( ဌာနမှူး၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်)**

ဒီပွဲတော်ကြီးမှာ မြန်မာနိုင်ငံရေကြောင်းကောလိပ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရေကြောင်းဦးစီးဌာန၊ ဆိပ်ကမ်း စတဲ့ ပြခန်းတွေကို ပြသထားပါတယ်။ ကမ္ဘာပတ်ချင်သလားရေကြောင်းပညာကို လေ့လာပါဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေကြောင်းပညာ၊ ရေကြောင်းတက္ကသိုလ်၊ ရေကြောင်းကောလိပ်၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ ဗဟုသုတရဖွယ်ပညာရပ်တွေကိုလည်း ခင်းကျင်းပြသထားပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီလိုပြပွဲတွေပြသပေးခြင်းအားဖြင့် လူငယ်တွေအနေနဲ့ ရေကြောင်းပညာမှာ စိတ်ဝင်စားမှုရှိပြီး နိုင်ငံ့အတွက် တစ်ထောင့်တစ်နေရာမှာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ပြခန်းတွေမှာတော့ ရေကြောင်းတက္ကသိုလ်က ပြသထားတဲ့ နည်းပညာပိုင်းဆိုင်ရာ ပစ္စည်းတွေနဲ့ ရေကြောင်းအသက်ကယ်ပစ္စည်းတွေလည်း ပါဝင်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြခန်းတွေကို လေ့လာခြင်းအားဖြင့် နောက်မျိုးဆက်လူငယ်တွေ ရေကြောင်းပညာဗဟုသုတတွေများစွာ ရရှိမှာဖြစ်တဲ့အတွက် နိုင်ငံတော်အတွက်တော့ တိုးတက်မှုတစ်ခုပဲဖြစ်ပါတယ်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

**ဒေါက်တာ ပြည့်ကျော်သူ (ညွှန်ကြားရေးမှူး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန)**

ကျွန်တော်တို့ဌာနအနေနဲ့ ပြခန်း (၄) ခန်းကို ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ လာကြည့်မယ့် ကလေးတွေက အခြေခံပညာ အထက်တန်းကျောင်းက ကျောင်းသား ကျောင်းသူတွေဖြစ်တဲ့အတွက် သူတို့တွေနဲ့ အနီးစပ်ဆုံး ဖြစ်အောင် ပြသထားပါတယ်။ ပထမပြခန်းမှာဆိုရင် သက်ဆိုင်ရာ အစိုးရစက်မှု၊ လက်မှုသိပ္ပံကျောင်း၊ အစိုးရနည်းပညာကောလိပ်တွေနဲ့ အစိုးရနည်းပညာကျောင်းတွေမှာ လက်တွေ့သင်ခန်းစာတွေကို သင်ကြားနေတဲ့ ပစ္စည်းတွေကို အသုံးပြုပြီး ပြသထားတာဖြစ်တဲ့အတွက် ပြခန်းကိုလာရောက်တဲ့ ကလေးတွေ ဝင်ရောက်စမ်းသပ်ပြီး ကြည့်ရှုလို့ရပါတယ်။ ဒုတိယပြခန်းမှာ CNC နဲ့ပတ်သက်ပြီး 3D Printer ကို ခင်းကျင်းပြသထားပါတယ်။ Autotronic နဲ့ ပတ်သက်ပြီး အင်ဂျင်တစ်ခုရဲ့ လှုပ်ရှားပြောင်းလဲနေတဲ့ အကြောင်းအရာတွေကို Cutting Model တွေနဲ့ ပြသထားတာ ဖြစ်တဲ့အတွက် လာကြည့်တဲ့ ကျောင်းသား ကျောင်းသူတွေ တစ်ခါတည်းနဲ့ ရှင်းရှင်းလင်းလင်း သိရှိမှာ ဖြစ်ပါတယ်။ Renewable Energy မှာတော့ လေစွမ်းအင်၊ နေစွမ်းအင်ကို အသုံးပြုပြီးတော့ ဘယ်လို လျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်နေတယ်ဆိုတာ ကလေးတွေမြင်အောင် ပြသထားပါတယ်။ ဒီနေ့ခေတ်မှာ ရေပန်းစားနေတဲ့ Energy Automation နဲ့ ပတ်သက်ပြီး အရှင်းလင်းဆုံးနဲ့ အတိကျဆုံးမြင်အောင် ပြသထားပါတယ်။ Electronic Circuit တွေကို အလုပ်လုပ်တဲ့ PCB Making Process ကိုလည်း ပြသထားပါတယ်။ ဒီပြခန်းတွေကို ကြည့်ခြင်းအားဖြင့် အခြေခံပညာ အထက်တန်းကျောင်းက ကျောင်းသား၊ ကျောင်းသူတွေအသိပညာဗဟုသုတတွေ တိုးပွားလာပြီးတော့ နောင်တစ်ချိန်မှာ အင်ဂျင်နီယာတွေဖြစ်အောင်၊ ပညာရှင်တွေဖြစ်အောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းတွေကို အများကြီး ရရှိမှာဖြစ်တဲ့အတွက် လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။


ဦးကျော်ဇင်စိုး


ဦးကျော်ကျော်ဝင်း


ဒေါက်တာ ပြည့်ကျော်သူ


ဦးငွေအောင်

**ဦးငွေအောင် (ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေနဲ့ မြန်မာ့အားကစားလှုပ်ရှားမှုပြခန်းကို အပိုင်း (၅) ပိုင်းခွဲပြီး ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ပထမအပိုင်းကတော့ စိတ်ဓာတ်မြှင့်တင်ရေးပြခန်းဖြစ်ပြီး ဒီပြခန်းမှာပဲ အပိုင်း (၅) ပိုင်းခွဲပြီး ပြသသွားမှာ ဖြစ်ပါတယ်။ သမိုင်းအစဉ်အလာရှိသော မြန်မာ့အားကစားသမားများ ပြခန်းထဲမှာ ခေတ်အဆက်ဆက် မြန်မာ့ဂုဏ်ဆောင် အားကစားသမားများ ရယူပေးခဲ့တဲ့ ဆုဖလား၊ ဆုတံဆိပ်၊ မှတ်တမ်း ဓာတ်ပုံ၊ ပြိုင်ပွဲယှဉ်ပြိုင်မှု ဓာတ်ပုံ၊ နိုင်ငံတကာက ဆုတံဆိပ်တွေ ရယူပြီး ပြန်လာတဲ့အခါမှာ ပြည်သူတွေက သောင်းသောင်းဖြဖြ ကြိုဆိုတဲ့ မှတ်တမ်းဓာတ်ပုံတွေကို ခင်းကျင်းပြသထားပါတယ်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ ပြခန်းမှာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့ပြီး ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိတဲ့ အားကစားသမားတွေရဲ့ မှတ်တမ်းဓာတ်ပုံတွေကို ခင်းကျင်းပြသထားပါတယ်။ အထိမ်းအမှတ် အားကစားပစ္စည်းပြခန်းမှာ နိုင်ငံတကာ အားကစားပြိုင်ပွဲတွေကို မြန်မာနိုင်ငံက အားကစားနည်းအလိုက် သွားရောက်ယှဉ်ပြိုင်တဲ့အခါ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ နိုင်ငံတွေက ပြိုင်ပွဲအထိမ်းအမှတ်အဖြစ် ဆုဖလား၊ ဆုတံဆိပ်၊ မှတ်တမ်းလွှာတွေကို ပြန်ပေးပါတယ်။ ပြန်ပေးတဲ့ ဆုဖလား၊ ဆုတံဆိပ်၊ မှတ်တမ်းလွှာတွေကို စုစည်းပြီး အထိမ်းအမှတ် အားကစားပစ္စည်းပြခန်းအနေနဲ့ ခင်းကျင်းပြသထားပါတယ်။

မြန်မာ့ရိုးရာ အားကစားပွဲတော်များ ပြခန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၉၃ ခုနှစ် အောင်ဆန်းကွင်းမှာ ကျင်းပခဲ့တဲ့ မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် မှတ်တမ်းဓာတ်ပုံ၊ ၁၉၉၆ ခုနှစ် အင်းလျားကန်မှာကျင်းပခဲ့တဲ့ မြန်မာ့လှေသဘင်ပွဲတော်ပြခန်းက မှတ်တမ်းဓာတ်ပုံနဲ့ ၁၉၉၂ ခုနှစ် ကျင်းပခဲ့တဲ့ အမျိုးသား အားကစားပွဲတော်ပြိုင်ပွဲက မှတ်တမ်းဓာတ်ပုံကို ခင်းကျင်းပြသထားပါတယ်။ လူထုအားကစားလှုပ်ရှားမှုများ ပြခန်းမှာ ကျွန်တော်တို့ဌာနရဲ့ အဓိက ဦးတည်ချက်အနေနဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ဖြစ်ပါတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဖြစ်တဲ့အတွက် ဌာနအနေနဲ့ နှစ်စဉ် ဒီဇင်ဘာလမှာ လူထုအားကစားလအဖြစ် သတ်မှတ်ပြီး လူတိုင်းကျန်းမာကြံ့ခိုင်စေဖို့ ကိုယ်လက်လှုပ်ရှားမှု တစ်ခုဖြစ်တဲ့ လမ်းလျှောက်ခြင်းကို ကျန်းမာရေးအတွက် ဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နှစ်စဉ် စုပေါင်းလမ်းလျှောက်ပွဲတွေကို ရပ်ကွက်၊ ကျေးရွာ အဆင့်ကနေစပြီး နိုင်ငံတော်အဆင့်ထိ နှစ်စဉ်တစ်နိုင်ငံလုံး အတိုင်းအတာကျင်းပခဲ့တဲ့ လူထုလမ်းလျှောက်ပွဲ မှတ်တမ်းဓာတ်ပုံတွေကို စုစည်းပြီး ပြသထားပါတယ်။

ဒုတိယပြခန်းအနေနဲ့ ၂၀၁၃ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ ပြခန်းမှာလည်း အပိုင်း(၃)ပိုင်းခွဲပြီး ပြသထားခြင်းဖြစ်ပါတယ်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲရဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပနေတဲ့ မှတ်တမ်းဓာတ်ပုံ၊ နိုင်ငံတော်အကြီးအကဲတွေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ လာရောက်ကြည့်ရှုတဲ့ မှတ်တမ်းဓာတ်ပုံ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေ ယှဉ်ပြိုင်မှုဓာတ်ပုံ၊ ပြိုင်ပွဲပြီးတဲ့အခါ ဆုတံဆိပ်ရယူနေတဲ့ အောင်ပွဲခံ ဓာတ်ပုံတွေနဲ့ အသင်းလိုက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံတွေကို ခင်းကျင်းပြသထားပါတယ်။

တတိယပြခန်းအနေနဲ့ ၂၀၁၆ ကနေ ၂၀၂၀ အစိုးရလက်ထက်မှာ အားကစားလှုပ်ရှားမှုဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းတွေကို ခင်းကျင်းပြသထားပါတယ်။ စတုတ္ထပြခန်းအနေနဲ့ မြန်မာ့အားကစားသမားများ မော်ကွန်းခန်းမမှာတော့ ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးတွေ ရယူပေးခဲ့တဲ့ ဆုဖလား၊ ဆုတံဆိပ်တွေအနက် ရွှေတံဆိပ်လေးခုနဲ့အထက် အများဆုံး ရယူပေးခဲ့တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေကို ဂုဏ်ပြုပြီး သူတို့ရဲ့ပုံစံတူရုပ်တုတွေကို ထုလုပ်ပြီး ခန်းမမှာ ခင်းကျင်းပြသထားပါတယ်။ ရွှေတံဆိပ်လေးခုမရဘဲ တစ်ခု၊ နှစ်ခု၊ သုံးခုရတဲ့ ကစားသမားတွေကိုတော့ သူတို့ရဲ့ မှတ်တမ်းဓာတ်ပုံတွေကို နံရံမှာ ချိတ်ဆွဲပြီး ပြသထားပါတယ်။ ပဉ္စမပြခန်းကတော့ အခု အစိုးရလက်ထက်မှာ အားကစား လှုပ်ရှားမှုဆိုင်ရာ ဆောင်ရွက်ချက်တွေဖြစ်တဲ့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အားကစားရုံတွေကို သွားရောက်စစ်ဆေးတဲ့ မှတ်တမ်းဓာတ်ပုံ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် အားကစားပြိုင်ပွဲ ကျင်းပနေမှုမှတ်တမ်း ဓာတ်ပုံ၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပမှု မှတ်တမ်းဓာတ်ပုံတွေကို စုစည်းပြီးပြသထားပါတယ်။

ပြခန်းတွေကို ကြည့်ရှုလေ့လာခြင်းအားဖြင့် တစ်ချိန်က ကျွန်တော်တို့နိုင်ငံရဲ့ အားကစားဟာ အရှေ့တောင်အာရှနိုင်ငံတွေကိုကျော်လွန်ပြီး အာရှအဆင့်ကို ထိုးဖောက်ကာ ကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်ခဲ့တယ်ဆိုတဲ့ ထူးချွန်ပြောင်မြောက်တဲ့ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကို ယနေ့ခေတ်လူငယ်တွေ သိရှိခွင့်ရမယ်။ ဒီဓာတ်ပုံတွေကို ကြည့်ရှုပြီး အားကစားကို ပိုမိုကြိုးစားလေ့လာလိုက်စားလိုတဲ့စိတ်တွေ ဖြစ်ပေါ်အောင် မှတ်တမ်းတွေကို တတ်နိုင်သလောက် စုစည်းပြီး ပြည့်ပြည့်စုံစုံ ခင်းကျင်း ပြသထားတဲ့အတွက် ကျောင်းသား လူငယ်တွေ၊ ဝန်ကြီးဌာနက ဝန်ထမ်းမိသားစုတွေ၊ ပြည်သူတွေ ပြခန်းကို လာရောက်လေ့လာကြည့်ရှုကြဖို့ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း – ဟိန်းအောင်**
**ဓာတ်ပုံ – ကိုကြီးထိန်**

---

◆ *ကျောဖုံးမှ*

ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာနေ တင်နိုင်ဦး(၅၂)နှစ်သည် ၎င်းအသုံးပြုသည့် "Tin Naing Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက် ၆၃ လမ်းရှိ Blue BBQ အကင်ဆိုင်၏ပိုင်ရှင်များဖြစ်သော စံထိုက်အောင်(ခ)စံဂျူး(၂၉)နှစ်၊ ကောင်းထက် (ခ)ကော်ကြီး(၂၇)နှစ်နှင့် ဟိန်းဝေလွင်(၃၂)နှစ်တို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် "Blue BBQ" Facebook Page၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ မျိုးဝင်းသည် ၎င်းအသုံးပြုသည့် "Myo Win" Facebook အကောင့်၊ လသာမြို့နယ် အမှတ်(၄)ရပ်ကွက်နေ "အောင်ချမ်းပိုင်" စားသောက်ဆိုင်ပိုင်ရှင် ဝင်းသိန်း(၅၇)နှစ်သည် ၎င်းအသုံးပြုသည့် "Ko Winthein" Facebook အကောင့်၊ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်ကုန်း(တောင်) ရပ်ကွက် ဂန္ဓမာလမ်း အမှတ်(၄၀) နေ အောင်နိုင်ဦး (၄၂) နှစ်သည် ၎င်းအသုံးပြုသည့် "Myanmar Life" Facebook Page၊ ကမာရွတ်မြို့နယ်နေ ကျော်ဦးသည် ၎င်းအသုံးပြုသည့် "Kyaw Kyaw" Facebook အကောင့်၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အိမ်အမှတ်(၂၁၆) နေ ရွှေလုံး(၂၈)နှစ်သည် ၎င်းအသုံးပြုသည့် "Ko Shwe Lone" Facebook အကောင့်၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အမှတ်(၁၆)ရှိ "မြတ်အထွေထွေရောဂါကုဆေးခန်း"ပိုင်ရှင် ဒေါက်တာ စုမြတ်လင်း(၂၈)နှစ်သည် ၎င်းအသုံးပြုသည့် "Su Myat Lin" Facebook အကောင့်၊ တာမွေမြို့နယ်နေ အေးမမမျိုးသည် ၎င်းအသုံးပြုသည့် "Aye ma ma myo" Facebook အကောင့်၊ တာမွေမြို့နယ်နေ ချောစုလင်းသည် ၎င်းအသုံးပြုသည့် "Chawsu Lancz" Facebook အကောင့်၊ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်နေ ခင်မြင့်မွန်သည် ၎င်းအသုံးပြုသည့် "Fsdsn Khin M Mon" Facebook အကောင့်နှင့် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာနေ နှင်းနှင်းအေး(၂၇)နှစ် သည် ၎င်းအသုံးပြုသည့် "Daw Hnin" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့CRPH၊ NUGနှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ်ဆက်မပြတ်လေ့လာသင်ယူဖို့ လူငယ်နှင့် စာပေပွဲတော် ဆင်နွှဲစို့

ဇင်ငြိမ်း

❖ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အစိုးရအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တစ်ဦးချင်းစီရဲ့ ဟန်ချက်ညီတဲ့ ပူးပေါင်းဆောင်ရွက်မှု လိုအပ်မှာပါ။ လူငယ်ဆိုင်ရာ၊ ပညာရေးဆိုင်ရာ နိုင်ငံရဲ့ ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ ဥပဒေတွေ လက်တွေ့အကျိုးဖြစ်ထွန်းလာဖို့ ထိရောက်တဲ့ အကောင်အထည်ဖော်မှုတွေ ရှိကြရမှာဖြစ်ပါတယ်။ အခုလို စာပေပွဲတော်တွေ ကျင်းပတယ်ဆိုတာလည်း လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများစွာထဲက နည်းလမ်းတစ်ခုလို့ မြင်မိပါတယ်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမှာ ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီ လူငယ်နှင့် စာပေပွဲတော်မှာ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေနဲ့ ပြည်သူတွေ ဗဟုသုတရရှိစေဖို့ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်စာချုပ်စာတမ်းတွေနဲ့ မှတ်တမ်းမှတ်ရာတွေ၊ စာပေတိုက်အသီးသီးက ထုတ်ဝေတဲ့ စာအုပ်စာစောင်တွေနဲ့ စာပေပညာရှင်ကြီးများရဲ့ အတ္ထုပ္ပတ္တိပြခန်းတွေ၊ လေကြောင်းပြခန်း၊ ရေကြောင်းပြခန်းနဲ့ ဝန်ကြီးဌာနပြခန်းတွေ ပါဝင်မယ်လို့ သိရပါတယ်။ ပြခန်းပေါင်း ၄၀ ကျော် ခင်းကျင်းပြသမယ်လို့သိရပြီး ၃ ရက်ကြာ ကျင်းပမှာ ဖြစ်ပါတယ်။

### အတွေးအမြင်ကောင်းတွေနဲ့ တည်ဆောက်

လူငယ်နှင့် စာပေပွဲတော်ကျင်းပရတဲ့ ရည်ရွယ်ချက် ၆ ချက် ရှိတယ်လို့သိရပါတယ်။ အဲဒီရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံရဲ့ အနာဂတ်မှာ ခေါင်းဆောင်တွေဖြစ်လာမယ့် ကလေးများနဲ့ လူငယ်တွေရဲ့ ဉာဏ်ရည်၊ ဉာဏ်သွေးနဲ့ အတွေးအခေါ်အယူအဆတွေ ထက်မြက်လာစေဖို့၊ ပွဲတော်မှာ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များမှာ ဝိုင်းဝန်းပါဝင်တတ်တဲ့ အလေ့အထကောင်းတွေ ရရှိလာစေဖို့၊ လူငယ်တွေရဲ့ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေဖို့နဲ့ စာပေဖတ်ရှုလေ့လာလိုစိတ် မြင့်မားလာစေဖို့၊ အသိပညာ၊ အတတ်ပညာနဲ့ ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ဖို့နဲ့ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ၎င်းတို့ရဲ့ အတွေးအမြင်ကောင်းတွေနဲ့ တည်ဆောက်အကောင်အထည်ဖော်နိုင်ဖို့လို့ သိရပါတယ်။

ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်သလို မိမိတို့နိုင်ငံအတွက် အလေးထားလုပ်ဆောင်ဖို့လိုအပ်နေဆဲ အချက်တွေလို့လည်း မြင်မိပါတယ်။ အဲဒီ ရည်ရွယ်ချက်တွေကို အနှစ်ချုပ်ကြည့်ရင် လူငယ်တွေအတွက် အပိုင်း၊ စာပေလေ့လာဖတ်ရှုတဲ့အပိုင်း၊ တီထွင် ဖန်တီးလိုစိတ်ဖြစ်စေတဲ့အပိုင်း၊ ပူးပေါင်းဆောင်ရွက်လိုတဲ့ အလေ့အထအပိုင်း၊ ဗလငါးတန်ပြည့်စုံဖို့အပိုင်းဆိုပြီး တွေ့ရပါတယ်။ အဲဒီအပိုင်းတွေနဲ့ပတ်သက်လို့ မိမိတို့နိုင်ငံမှာ အကောင်အထည်ဖော်နေဆဲလုပ်ငန်းတွေမှာ ပါဝင်ပါတယ်။

### ရည်ရွယ်ချက် ၁၀ ချက်ရှိ

ကျောင်းတွေမှာလည်း ပညာရေးရဲ့ ရည်ရွယ်ချက်တွေထဲမှာ ပါပါတယ်။ အခြေခံပညာရေးရဲ့ ရည်ရွယ်ချက်တွေထဲမှာဆိုရင် ရည်ရွယ်ချက် ၁၀ ချက် ရှိပါတယ်။ အဲဒီထဲက ထုတ်နုတ်အနေနဲ့ အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်စေရန်၊ ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံသားကောင်းများဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများဖြစ်စေရန်၊ လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများ နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများဖြစ်ရန် ဆိုတာတွေ ပါဝင်ပါတယ်။

### အရည်အသွေးအာမခံခြင်းလို့ နားလည်မိ

အခြေခံပညာရေးရည်ရွယ်ချက်တွေလိုပဲ အမျိုးသား ပညာရေးဥပဒေ(၂၀၁၄) မှာဆိုရင် အမျိုးသားပညာရေးရည်မှန်းချက်အနေနဲ့ ၇ ချက် တွေ့ရပါတယ်။ ရည်ရွယ်ချက်တွေကတော့ သိပ်မကွာပါဘူး။ ဒါပေမယ့် အမျိုးသားပညာရေးဥပဒေ အခန်း ၁၀၊ ပုဒ်မ ၅၄၊ ၅၅ မှာ အရည်အသွေး အကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှုဆိုတာ ပြဋ္ဌာန်းထားပါတယ်။ အရည်အသွေးအာမခံနိုင်မှုဆိုတဲ့ စကားရပ်ကို အဲဒီဥပဒေရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ ၇ မှာ **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်လို့ တွေ့ရပါတယ်။ ပညာရေးရဲ့ ရည်မှန်းချက်တွေအတိုင်း ပညာရေးရဲ့အနှစ်သာရတွေ ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ ပြန်လည်ဆန်းစစ်ခြင်း၊ အရည်အသွေးအာမခံခြင်းလို့ နားလည်မိပါတယ်။ ဒါမှလည်း ကျောင်းသား ကျောင်းသူတွေဟာ ပညာရေးရဲ့ရည်ရွယ်ချက်အတိုင်း မွေးထုတ်နိုင်မှာပါ။

လူငယ်တွေနဲ့ပတ်သက်လို့လည်း လူငယ်ရေးရာမူဝါဒ (၂၀၁၇) ရှိပြီးဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒရဲ့ ရည်မှန်းချက်ကတော့ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ် ပျိုးထောင်ပေးပြီး နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာရန် ရည်မှန်းပါသည်လို့ ဖော်ပြထားပါတယ်။ လူငယ်ရေးရာမူဝါဒရဲ့ ရည်ရွယ်ချက်အနေနဲ့ ၁၅ ချက် ပါရှိပါတယ်။ စာရှည်သွားမှာစိုးလို့ အသေးစိတ် မဖော်ပြတော့ပါဘူး။ အကောင်အထည်ဖော်ဖို့ ဝန်ကြီးဌာနများလည်း ထည့်သွင်းဖော်ပြထားပါတယ်။

### မူဝါဒတွေ၊ ဥပဒေတွေ ချမှတ်

တကယ်တော့ မိမိတို့နိုင်ငံမှာ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေအတွက် ကောင်းမွန်တဲ့ ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ ဥပဒေတွေဆိုတာ ချမှတ်ပြီး၊ ပြဋ္ဌာန်းပြီးသားတွေပါ။ ဒါ့အပြင် နိုင်ငံတကာက အစိုးရတွေ၊ ကျောင်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။ အထက်မှာဖော်ပြခဲ့သလို ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေနဲ့ဆိုင်တဲ့ အစိုးရကဦးဆောင်တဲ့ လှုပ်ရှားမှုတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေက ဦးဆောင်တဲ့ ပညာရေးဆိုင်ရာ၊ လူငယ်ဆိုင်ရာ လှုပ်ရှားမှုတွေဆိုတာလည်း မကြာခဏဆိုသလို တွေ့ရပါတယ်။ ကြိုဆိုရမယ့် လုပ်ဆောင်မှုတွေပါ။ ပညာရေးဆိုင်ရာတွေ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေဆိုတာက စဉ်ဆက်မပြတ် လုပ်ဆောင်နေကြရမယ့် လုပ်ငန်းစဉ်တွေဖြစ်လို့ ကြိုဆိုရခြင်းဖြစ်ပါတယ်။

ကမ္ဘာ့တိုးတက်ပြီးနိုင်ငံတွေ၊ တိုးတက်ဆဲနိုင်ငံတွေမှာ ပညာရေးအတွက်၊ လူငယ့်ရေးရာအတွက် များစွာအလေးထားကြပြီး ထိထိရောက်ရောက်လည်း အကောင်အထည်ဖော်ကြတာ တွေ့ရပါတယ်။ ဒါကြောင့်မို့ နိုင်ငံကအားထားလောက်တဲ့ ပညာရေးတွေတိုးတက်လာတယ်၊ နိုင်ငံအတွက် အားထားရတဲ့ လူသားရင်းမြစ်တွေကို မွေးထုတ်နိုင်တယ်။ ပညာရေးတွေ တိုးတက်လာလို့ လူငယ်တွေရဲ့ အရည်အသွေး၊ အရည်အချင်းတွေ မြှင့်တင်နိုင်လို့လည်း နိုင်ငံကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေနိုင်ခြင်းပဲ ဖြစ်ပါတယ်။

### နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်

အထူးသဖြင့် ပညာခေတ်ကြီးမှာ ပညာကို အခြေခံတဲ့ အသိုက်အဝန်းကိုတည်ဆောက်နိုင်မှ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မှာပါ။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံတာတွေ၊ လူငယ်ရေးရာလုပ်ငန်းစဉ်တွေမှာ ရင်းနှီးမြှုပ်နှံတာတွေဟာ သရက်ပင်စိုက်တဲ့ အဘိုးအို ဥပမာလိုပါပဲ။ လတ်တလော အသီးအပွင့်တွေ၊ အရိပ်တွေ၊ အကျိုးကျေးဇူးတွေ ရချင်မှရမှာဖြစ်ပေမယ့် အချိန်ကြာလာလေ အသီးအပွင့်တွေ၊ အရိပ်တွေ၊ အခြားအကျိုးကျေးဇူးတွေကို ပိုပိုပြီး ရလာမှာပါ။ များများစိုက်ရင် များများအကျိုးခံစားကြရမှာပါ။ သစ်ပင်တွေရှင်သန်အောင် ထိထိရောက်ရောက်စိုက်ကြဖို့တော့ အရေးကြီးပါတယ်။ စိုက်သာစိုက်၍ မရှင်ပြန်ရင်လည်း ငွေကုန်၊ လူပန်း၊ အကျိုးမရှိ ဖြစ်သွားပါလိမ့်မယ်။

### အခြားဖြတ်လမ်းနည်း မရှိ

ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေဘက်ကကြည့်ရင်လည်း ပညာရှာတယ်၊ ပညာကို အသုံးချတယ်၊ စဉ်ဆက်မပြတ် လေ့လာသင်ယူတယ်ဆိုတဲ့ ကြိုးစားအားထုတ်မှုရဲ့ အကျိုးကျေးဇူးကို ပထမဆုံးခံစားရမှာက ကိုယ်ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ ကိုယ်တိုင်က ထူးချွန်ထက်မြက်တဲ့သူဖြစ်လာမှ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်သလို မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကို စောင့်ရှောက်နိုင်မှာပါ။ လူငယ်တွေမှာ ဘဝရည်မှန်းချက်တွေ၊ ဆန္ဒတွေ၊ ဝါသနာတွေ၊ ကျွမ်းကျင်မှုတွေအတွက် မျှော်လင့်ချက်များစွာ ရှိနေကြပါတယ်။ ဒါပေမယ့် ဒီဘဝမျှော်မှန်းချက်တွေဟာ ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူးဆိုတဲ့ သီချင်းလိုပါပဲ။ မကြိုးစားဘဲနဲ့တော့ မျှော်လင့်ချက်တွေဟာ လက်တွေ့ဖြစ်မလာနိုင်ပါဘူး။ ထူးချွန်လိုသူတိုင်းအတွက် အကောင်းဆုံးနည်းလမ်းက ကြိုးစားခြင်းပါပဲ။ အခြားဖြတ်လမ်းနည်း မရှိပါဘူး။

ဒီတော့ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အစိုးရအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တစ်ဦးချင်းစီရဲ့ ဟန်ချက်ညီတဲ့ ပူးပေါင်းဆောင်ရွက်မှု လိုအပ်မှာပါ။ လူငယ်ဆိုင်ရာ၊ ပညာရေးဆိုင်ရာ နိုင်ငံရဲ့ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ ဥပဒေတွေ လက်တွေ့အကျိုးဖြစ်ထွန်းလာဖို့ထိရောက်တဲ့အကောင်အထည်ဖော်မှုတွေ ရှိကြရမှာဖြစ်ပါတယ်။ အခုလို စာပေပွဲတော်တွေ ကျင်းပတယ်ဆိုတာလည်း လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများစွာထဲက နည်းလမ်းတစ်ခုလို့ မြင်မိပါတယ်။

ဗဟုသုတနဲ့ ပညာကို စဉ်ဆက်မပြတ် ရှာလိုသူတိုင်းအတွက် သင်ယူလေ့လာနိုင်တဲ့ နည်းလမ်းများစွာထဲမှာ ယခုလို ကျောင်းပြင်ပ သင်ယူလေ့လာရေးဟာလည်း အရေးပါတဲ့ နည်းလမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ လေ့လာသင်ယူလို့ အကျိုးကျေးဇူးတစ်ခုခုရမယ်ဆိုရင် ဘာမှမရတဲ့သူထက်တော့ သာမှာကတော့ သေချာပါတယ်။

# အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ကိုဗစ် -၁၉ စည်းကမ်းချက်များဖြေလျှော့ပေးမည်

**နယူးဒေလီ ဇန်နဝါရီ ၂၈**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် သီတင်းပတ်ကုန် ပိတ်ရက်တွင် တင်းကျပ်လေ့ရှိသည့် စည်းကမ်းချက်များကို ဇန်နဝါရီ ၂၉ ရက်တွင် ဖြေလျှော့ပေးမည်ဟု သိရသည်။

နယူးဒေလီမြို့တွင် ကိုဗစ် - ၁၉ နောက်ထပ် ကူးစက်မှုများလျော့ကျလာသည့်အတွက် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဗိုင်းရပ်စ်တိုက်ဖျက်ရေး အတွက် ထုတ်ပြန်ထားသည့် အခြားသောစည်းကမ်းချက်များကိုလည်း ဖြေလျှော့ပေးတော့မည်ဟု ဇန်နဝါရီ ၂၇ ရက်တွင် ဒေသခံအစိုးရက ကြေညာခဲ့သည်။

စားသောက်ဆိုင်များကိုလည်း ၅၀ ရာခိုင်နှုန်း ဧည့်သည်လက်ခံသည့်စနစ်ဖြင့် ပြန်လည် လည်ပတ်ခွင့်ပေးမည်ဖြစ်သည်။ သီတင်းပတ်ကုန်များတွင် နေ့ခင်းဘက် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်တော့မည် မဟုတ်ချေ။ သို့သော်လည်း ည ၁၀နာရီမှ နံနက် ၅ နာရီအထိ အပြင်မထွက်ရအမိန့်ကိုမူ ဆက်လက်ထားရှိဦးမည်ဖြစ်သည်။

လက်ရှိထုတ်ပြန်ထားသည့် စည်းကမ်းချက်များမှာ ဇန်နဝါရီ ၈ ရက်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် နှစ်ကုန်ပိုင်းတွင် အိန္ဒိယမြို့ပြ ဒေသများ၌ ကိုဗစ် -၁၉ကူးစက်မှုများပြားလာသည့်အတွက် စည်းကမ်းချက်များ တင်းကျပ်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလနှောင်းပိုင်းမှစတင်ကာ နယူးဒေလီတွင် နေ့စဉ်ကူးစက်မှုများမှာ တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ ဆေးရုံများတွင် ကိုဗစ် - ၁၉ လူနာများ တက်ရောက်ကုသရမှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းအောက်တွင်ရှိသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၀၀၀၀၀ ကျော်ရှိပြီး ကူးစက်မှုဗဟိုချက်မနေရာမှာ မြို့ပြဒေသမှ ကျေးလက်ဒေသသို့ ပြောင်းလဲသွားသည်။

**အင်န်အိတ်ချ်ကေ**



နယူးဒေလီမြို့တွင် ကိုဗစ်– ၁၉ စည်းကမ်းတင်းကျပ်မှုအရ ဈေးဆိုင်များပိတ်ထားသည်ကို တွေ့ရစဉ်။

# ယူဂန္ဒာ အနောက်ပိုင်းတွင် ရေလွှမ်းမိုးမှုဒဏ်ကို လူပေါင်း ၈၀၀ ကျော်ခံစားရ

**ကမ်ပါလာ ဇန်နဝါရီ ၂၈**

ယူဂန္ဒာနိုင်ငံ အနောက်ပိုင်းခရိုင် ကီဆိုရိုရှိ ခရိုင်ခွဲသုံးခုတွင် လူပေါင်း ၈၀၀ ကျော်မှာ မိုးအဆက်မပြတ်ရွာသွန်းမှု၊ ရေကြီးမှုနှင့် ရွှံ့နွံများပြိုဆင်းမှုတို့နှင့် ကြုံတွေ့ခံစားခဲ့ရကြောင်း နိုင်ငံကယ်ဆယ်ရေးအေဂျင်စီက ဇန်နဝါရီ ၂၇ ရက်တွင် ပြောသည်။

**လူကိုးဦးသေဆုံး**

နာရာစီဇာ၊ မူရမ်ဘာနှင့် ဘန်နာဂန်နာ ခရိုင်တို့တွင် လူပေါင်း ၈၀၀ကျော် ရေဘေးဒုက္ခခံစားရပြီး လူ ကိုးဦးသေဆုံးခဲ့ရကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် ယူဂန္ဒာနိုင်ငံ ကြက်ခြေနီအသင်းက သတင်းထုတ်ပြန်ခဲ့သည်။

**လက်တွဲလုပ်ဆောင်**

အစားအစာများနှင့် လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်ရေးအတွက် ဝန်ကြီးချုပ်ရုံးနှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်ဟု ကြက်ခြေနီအသင်းက ပြောသည်။ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မဟာဘူရာ တောင်ခြေရှိ နေအိမ်များမှာလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ၊ ဇန်နဝါရီနှင့်ဖေဖော်ဝါရီလတို့မှာ ပုံမှန်အားဖြင့် နေသာပြီး ခြောက်သွေ့သော ရာသီဥတုရှိသော်လည်း တိုင်းပြည်ရှိ အချို့သောနေရာများတွင် ရာသီပိတ်မိုးများ ရွာသွန်းလေ့ရှိကြောင်း ယူဂန္ဒာ မိုးလေဝသဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ပြောသည်။

**ဆင်ဟွာ**



ကီဆိုရိုခရိုင်တွင် ရေကြီးလွှမ်းမိုးမှုခံစားရသည့် မြင်ကွင်းကို တွေ့ရစဉ်။

# စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တစ်နာရီအတွင်း ငလျင် လေးကြိမ်လှုပ်ခတ်

**မက်ဒရစ် ဇန်နဝါရီ ၂၈**

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ ဂလီစီယာတွင် ဇန်နဝါရီ ၂၇ ရက်က တစ်နာရီအတွင်း ငလျင်လေးကြိမ် လှုပ်ခတ်ခဲ့ကြောင်း အမျိုးသား မြေလျင်ဌာန(အိုင်ဂျီအင်န်)က ပြောသည်။

အိုင်ဂျီအင်န်၏ ပြောကြားချက်အရ ပထမအကြိမ် ငလျင်လှုပ်ခတ်မှုမှာ ဒေသစံတော်ချိန် ၁၄ နာရီ ၅၇ မိနစ်တွင် ဖြစ်ကာ ရစ်ချ်တာစကေး ၃ ဒသမ ၇ ရှိ သည်။ ယင်းနောက်တွင် ၄ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင် ၁၅ နာရီ ၄၄ မိနစ်တွင် ဖြစ်ပွားခဲ့သည်။ ကမ်းရိုးတန်းတစ်လျှောက်မြို့များတွင် ငလျင်လှုပ်ခတ်မှု ဒဏ်ခံစားခဲ့ရသည်။ ယင်းနောက်တွင် ရစ်ချ်တာစကေး ၁ ဒသမ ၉ နှင့် ၂ ဒသမ ၅ အသီးသီးရှိသော ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဒေသခံများဆီမှ အရေးပေါ်ဖုန်းခေါ်ဆိုမှုများ လက်ခံရရှိခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုများနှင့် သေဆုံးမှုများကို ချက်ချင်းမသိရသေးကြောင်း အရေးပေါ်ဝန်ဆောင်မှုဌာနက ပြောသည်။

စပိန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် ငလျင်လှုပ်ခတ်လေ့ရှိပြီး ဂလီစီယာတွင်မူ ငလျင်လှုပ်ခတ်မှုဒဏ်ကို ကြုံတွေ့ရခြင်း နည်းပါးသည်။ မကြာသေးမီနှစ်များအတွင်း စပိန်နိုင်ငံတွင် အဆိုးဆုံးငလျင်မှာ ၅ ဒသမ ၁ မဂ္ဂနီကျူရှိပြီး ၂၀၁၁ ခုနှစ် မေလအတွင်းက လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်ကြောင့် လူ ကိုးဦးသေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# မိမိသဘောဆန္ဒအလျောက်နေရပ်ပြန်မည့် ရွှေ့ပြောင်းနေထိုင်သူများကို လစ်ဗျားမှ နိုင်ဂျာနိုင်ငံသို့ပြန်ပို့

**ထရီပိုလီ ဇန်နဝါရီ ၂၈**

ရွှေ့ပြောင်းနေထိုင်သူ ၁၆၅ ဦး ပါဝင်သည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ အုပ်စုတစ်စုကို ၎င်းတို့၏ သဘောဆန္ဒအလျောက် လစ်ဗျားနိုင်ငံမှ နိုင်ဂျာနိုင်ငံသို့ ဇန်နဝါရီ ၂၇ ရက်တွင် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ ထိန်းချုပ်ရေးဌာနမှ ခွင့်ပြုချက်ရပြီးနောက် မစ်ဆူရာတာမြို့မှ နိုင်ဂျာနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၆၅ ဦးတွင် အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်ကြောင်း တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများ ထိန်းချုပ်ရေးဌာနမှ အကြီးအကဲဖြစ်သူ ဟူစိန်အယ်တာကီက ဆင်ဟွာသို့ ပြောသည်။ ရွှေ့ပြောင်းနေထိုင်သူများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်းနှင့် ပူးပေါင်းကာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

လစ်ဗျားနိုင်ငံသည် မြေထဲပင်လယ်ကို ဖြတ်ကျော်ကာ ဥရောပကမ်းခြေများသို့ သွားရောက်မည့် တရားမဝင်နေထိုင်သူများအတွက် အဓိက လမ်းကြောင်းသဖွယ် ဖြစ်နေသည်။

၂၀၂၂ ခုနှစ်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၃၂၄၂၅ ဦးကို ကယ်တင်နိုင်ခဲ့ပြီး လစ်ဗျားနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်။ လစ်ဗျားကမ်းရိုးတန်းတွင် သေဆုံးခဲ့သော တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ဦးရေမှာ ၆၆၂ ဦးရှိပြီး ပျောက်ဆုံးသူ ၈၉၁ ဦးရှိကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်းက ပြောသည်။

**ဆင်ဟွာ**



မစ်ဆူရာတာမြို့ လေဆိပ်တွင် နေရပ်ပြန်မည့် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးစံချိန်တင်

**ဂျကာတာ ဇန်နဝါရီ ၂၈**

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၂၈ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၉၀၅ ဦးတိုးလာမှုနှင့်အတူ နိုင်ငံအတွင်း တစ်နေ့တည်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ အများဆုံးနေ့တစ်နေ့ဖြစ်ခဲ့သည်။ တိုးလာသော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူများအပါအဝင် စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၁၉၁၇၅ ဦးအထိ ရောက်ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်–၁၉ ကြောင့် ခုနစ်ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ သေဆုံးသူ ၁၄၄၂၆၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုအချိန်အထိ အပိုဆောင်းကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းများအပါအဝင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၁၂ ဒသမ ၂၂ သန်းရှိလာပြီဖြစ်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူ ရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၇-၁-၂၀၂၂ ရက်နေ့မှ ၂၈-၁-၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၀ . ၃၃၀ သန်း ဖြစ်သည်။ ၂၈-၁-၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၄-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၂,၅၅၅,၈၈၀,၁၄၂.၅၃ |
| (+) ၁၇-၁-၂၀၂၂ မှ ၂၈-၁-၂၀၂၂ ရက်နေ့အထိ ရရှိငွေ | ၃၃၀,၀၀၀.၀၀ |
| **၂၈-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၆၂,၅၅၆,၂၁၀,၁၄၂.၅၃** |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၄-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၆,၁၃၇,၃၄၉.၅၃ |
| (+) ၁၇-၁-၂၀၂၂ မှ ၂၈-၁-၂၀၂၂ ရက်နေ့အထိ ရရှိငွေ | - |
| (-) ရုရှားနိုင်ငံ၊ Sputnik Light ကာကွယ်ဆေး(၁) သန်း ဝယ်ယူရန် နောက်ဆုံးအရစ်ပေးချေငွေ | ၃,၈၇၀,၀၀၀.၀၀ |
| **၂၈-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၂၂,၂၆၇,၃၄၉.၅၃** |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၇-၁-၂၀၂၂ ရက်နေ့မှ ၂၈-၁-၂၀၂၂ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၀-၁-၂၀၂၂ | ၃၀,၀၀၀ |
| ၁ | ဒေါ်ခင်သီတာဌေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| | | |
| ၂ | ၂၈-၁-၂၀၂၂ | ၃၀၀,၀၀၀ |
| | ဒေါ်ဝင်းကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| | | |
| | **(၁၇-၁-၂၀၂၂ ရက်နေ့မှ ၂၈-၁-၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း** | **၃၃၀,၀၀၀** |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၁ / ၂၀၂၂ )**
**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်**

၁။ ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂ ) ဆုံးဖြတ်ချက်အရ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ချေးငွေထုတ်ပေးရန် လျှောက်ထား လာသည့် ကုမ္ပဏီ / လုပ်ငန်းများအနက် ပူးတွဲစာရင်းပါ ကုမ္ပဏီ / လုပ်ငန်း (၁၁၆) ခု သို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။

၂။ ချေးငွေလျှောက်လွှာများကို ဆက်လက် စိစစ်ခွင့်ပြုပေးသွားမည် ဖြစ်ပါကြောင်းနှင့် ချေးငွေထုတ်ယူခွင့် ရရှိသူများအနေဖြင့် ဘဏ်လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေ ခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ / လုပ်ငန်းများ**

| စဉ် | ကုမ္ပဏီ / လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁ | ဖော်အဲဗားဂရု(ပ်) ကုမ္ပဏီလီမိတက် | မြန်မာရေဒီယိုနှင့် တယ်လီဗေးရှင်း ကွန်ပေါင်း၊ ဟံသာဝတီနှင့် ပြည်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | မင်္ဂလာ ကုမ္ပဏီလီမိတက် | အမှတ်(၃၀)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃ | ထူး ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | အမှတ်(အေ-၂)၊ မင်းဓမ္မရိပ်သာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄ | ရိုင်ရယ် အေ့စ်မီဂါ ကုမ္ပဏီလီမိတက် (Royal Ace Mega Co., Ltd.) | အခန်း(ဘီ) ၅လွှာ ခရစ်စတယ်တာဝါ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅ | ဖော်ကျူး ရုပ်သံလွှင့် ကုမ္ပဏီလီမိတက် | တိုက်အမှတ်-(၁၂)၊ MICT Park ၊ လှိုင်တက္ကသိုလ်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆ | မွန်းမြန်မာမီဒီယာ ကုမ္ပဏီလီမိတက် | အမှတ်-(၅၁/ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရွှေထွဋ်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇ | ပါရာဒိုင်ဆိုစီးနီးမား(စ်) ကုမ္ပဏီလီမိတက် (Paradiso Cinemas Co., Ltd.) | အမှတ် (၂၀)၊ ပုလဲလမ်း၊ ရွှေတောင်ကြားရပ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈ | အင်(န်)တီဂရယ်(လ်) အင်တာနေရှင်နယ် လီမိတက် | တိုက်အမှတ် (၁၄)၊ မြေညီထပ်၊ MICT Park ၊ လှိုင်တက္ကသိုလ်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉ | မန္တလေးကြော်ငြာလုပ်ငန်း ကုမ္ပဏီ လီမိတက် | အမှတ်-၅၃၊ တိုက်(အေ)၊ အခန်း(၄၀၄)၊ ဖို့မြေရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ရွှေမြယာအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀ | ဘိုဘိုအင်(န်)တာတိန်းမန့် မြန်မာဂရု(ပ်) ကုမ္ပဏီလီမိတက် | အမှတ်(၂၂/၂၄)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁ | မိုင်မာတီမီဒီယာဂရု(ပ်) ကုမ္ပဏီလီမိတက် | အမှတ်(၈၈၆/၈၈၈)၊ ၉ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂ | စိန်ဌေးရုပ်ရှင်နှင့်ဗီဒီယို ထုတ်လုပ်ရေး | အမှတ်(၃၁၁)၊ အခန်း(၁၁/၁၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၃ | ခရေဖြူရုပ်ရှင် ထုတ်လုပ်ရေး | အမှတ်(၂၁၂)၊ ကံ့ကော်ရိပ်သာ(၁)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ဇေကမ္ဘာဝန်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၄ | နိယျာယနခရီယေးတစ် ကွန်တင့် ကုမ္ပဏီ လီမိတက် (NIYYAYANA CREATIVE CONTENT Co., Ltd.) | အမှတ်-(၆)၊ ချမ်းမြေ့သီတာလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၅ | တော်ဝင်မြင့်မိုရ် ကုမ္ပဏီလီမိတက် (Taw Win Myint Mo Co., Ltd.) | အမှတ် (၁၆၆)၊ ၃၂ လမ်း (အလယ်)၊ (၈) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၆ | နှစ်သစ်ဦး ကုမ္ပဏီလီမိတက် (Hnit Thit Oo Co., Ltd.) | အမှတ် (၂၇-အေ)၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ အရှေ့ဒဂုံစက်မှုဇုန်၊ ပုံနှိပ်လုပ်ငန်း |
| ၁၇ | ရက်(ဒ်)ရေးဒီးယန့် စတူဒီယို ကုမ္ပဏီလီမိတက် | အမှတ် (၃၀၅)၊ တိုက် (၄)၊ ကျိုတော်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈ | မီဒီယာမော ကုမ္ပဏီလီမိတက် (Media Mall Co., Ltd.) | အမှတ်-(၃၀-စီ)၊ သီရိမင်္ဂလာလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၉ | အမ်-ပေ့ါပ်မြန်မာကုမ္ပဏီ | အမှတ်(၃၅)၊ ဘော်စင်လမ်း၊ (၂) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၀ | ဒက်ဒီဟုမ်းဗီဒီယိုထုတ်လုပ် ဖြန့်ချိရေး | အမှတ်-၂၀၀/၂၀၀၊ (၃၅) လမ်း၊ (၃) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၁ | ပါဝါနိုင်းဗီဒီယိုထုတ်လုပ်ရေး | အမှတ်-၂၄၂ (ပထပ်)၊ ၃၅ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၂ | ကျော်နှင်းဆီ ဗီဒီယိုတည်းဖြတ်လုပ်ငန်း | အမှတ်၃၀၂/၃၊ ကသစ်မြိုင်လမ်း၊ ၂၅ ရပ်ကွက်၊ သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၃ | ရင်းမ်လိုက်(ဖ်)စတိုင် ကုမ္ပဏီလီမိတက် | အမှတ်-(၅)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၄ | ဧရာအဆင့်မြင့်ရုပ်ရှင်ရုံ အမှတ် (၂) | အမှတ်(၇) မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ် |
| ၂၅ | မီကီဝေး မီဒီယာ (Milky Way မီဒီယာ) | အမှတ်-(၅၀)၊ သစ်ယာပင်လမ်း၊ ၂၃ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၆ | မြန်မာတယ်လီ အေးပက်(စ်) ကုမ္ပဏီ လီမိတက် | အမှတ်-(၂၆)၊ အခန်း(၉-ဘီ)၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၇ | ရွှေပြည့်စုံရုပ်ရှင် ရိုက်ကူးရေး (Shwe Pyi Sone Film Production) | အမှတ် (၂၁၄)၊ ၃လွှာ (ခ)၊ ၃၅ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုပန်းများ ဝေဆာပွင့်လန်းစေသော ဘူမိနက်သန်မြေ

ဆောင်းလေပြေ

ကျွန်ုပ်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ဆောင်ရာတွင် ဆင်းရဲနွမ်းပါးမှု၊ ချမ်းသာကွာဟမှု၊ မြို့ပြနှင့်ကျေးလက်၊ တောင်တန်းနှင့် မြေပြန့်ဒေသများအကြား ကွာဟမှုလျှော့ချရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။

မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို တူညီသော ဖွံ့ဖြိုးတိုးတက်မှု ခံစားရရှိစေနိုင်ရန်ဟူသော အချက်သည် ကျွန်ုပ်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်ဓာတ်အားစနစ်ကောင်းခြင်း၊ ပို့ဆောင်ရေးစနစ်ကောင်းခြင်း၊ ဆက်သွယ်ရေးစနစ်ကောင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းစသော အခြေခံလိုအပ်ချက်လေးချက်ရှိပါသည်။ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ယင်းကဏ္ဍများကို ပထမဦးစားပေးအနေဖြင့် လုပ်ဆောင်ရန်လိုအပ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့ကို လိုက်နာလျက် နယ်စပ်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဝန်ကြီးဌာန အနေဖြင့်–

(က) နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊
(ခ) နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဂ) နယ်စပ်ဒေသများတွင် နေထိုင်သောပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊
(ဃ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေး

ဟူသည့် မူဝါဒ ၄ ရပ်ကို ဖော်ဆောင်လျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဟူ၍ အဓိကဦးစီးဌာနကြီးနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ဝန်ကြီးဌာန၏ ဦးတည်ချက် ၈ ရပ်မှ တစ်ခုဖြစ်သည့် နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များအား အခြေခံ၊ အဆင့်မြင့်နှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားလေ့ကျင့်ပေးရန်ဟူသော ဦးတည်ချက်နှင့်အညီ ဝန်ကြီးဌာနသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) နှစ်ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်

## အခမဲ့သင်ကြားပေး

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါး၍ ပညာသင်ကြားရန်မတတ်နိုင်သည့် ကလေးများအား အခြေခံပညာရပ်များကို အခမဲ့သင်ကြားပေးသည့်အပြင် နေထိုင်စားသောက်ရေးအတွက်ပါ ပြည့်စုံစွာစီစဉ်ပေးထားသည်။ အဆိုပါကျောင်းများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ကျောင်းတို့တွင် အဆင့်မြင့်ပညာရပ်များနှင့် အင်ဂျင်နီယာဘာသာရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဆရာအတတ်သင်ပညာရေးသင်တန်းများကို လည်းကောင်း အခမဲ့ ဆက်လက်သင်ကြားပေးသည်။

ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့ရများနှင့် သိပ္ပံဘွဲ့ရများအပြင် အင်ဂျင်နီယာဒီပလိုမာဘွဲ့ရများ အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့သည်။ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံနှင့် အင်ဂျင်နီယာဘွဲ့ တက်ရောက်ရန် အရည်အချင်းပြည့်မီသူများကို ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများရှိ သက်ဆိုင်ရာတက္ကသိုလ်များသို့ စေလွှတ်၍ ဘွဲ့လွန်သင်တန်းများ တက်ရောက်စေသည်။ ဘွဲ့အသီးသီးရရှိပြီးသော တိုင်းရင်းသားလူငယ်များအား ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ပေးအပ်ပြီး ၎င်းတို့က တတ်မြောက်ထားသော ပညာရပ်များဖြင့် မိမိတို့၏ ဒေသနှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုနည်းတူစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှလည်း ဘီအီးဒီ ပညာရေးဘွဲ့ရများနှင့် ပညာရေးဆိုင်ရာ အောင်လက်မှတ်ရရှိသူများ အများအပြား ပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ ပညာရေးဘွဲ့ရရှိသူများသည် မြန်မာနိုင်ငံအနှံ့အပြားရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းပြဆရာ၊ ဆရာမများအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုဆရာ၊ ဆရာမများသည် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များကို ပညာသင်ကြားပို့ချခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

## မွမ်းမံသင်တန်းများပို့ချ

ပြည်သူ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ဗဟိုလေ့ကျင့်ရေးကျောင်းကို တည်ထောင်ခဲ့သည်။ ယင်းသင်တန်းကျောင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနကြီးနှစ်ခုမှ ဝန်ထမ်းများကို ၎င်းတို့၏ လုပ်ငန်းခွင်အသီးသီးတွင် အားကိုးယုံကြည်ရပြီး ကျွမ်းကျင်သောဝန်ထမ်းများဖြစ်လာစေရန် ရည်ရွယ်၍ အရည်အချင်းမြင့် မွမ်းမံသင်တန်းများကို ပို့ချပေးလျက်ရှိသည်။

ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် အမှုဆောင်အရာရှိသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ သိုလှောင်ထိန်းသိမ်းရေးဝန်ထမ်းသင်တန်း၊ ဘဏ္ဍာရေး စည်းမျဉ်းသင်တန်း၊ ခေါင်းဆောင်မှုစွမ်းရည်သင်တန်း၊ အဆင့်မြင့်အင်ဂျင်နီယာသင်တန်း၊ မြို့ပြစီမံကိန်းရေးဆွဲရေးသင်တန်းများနှင့် အခြားသော အိမ်တွင်းမှုနှင့် စက်မှုလက်မှုသင်တန်းများ ပါဝင်သည်။ ၎င်းသင်တန်းများကို သင်ယူပြီးမြောက်သော ဝန်ထမ်းများသည် ဝန်ကြီးဌာန၏ လုပ်ငန်းများတွင် ပိုမို၍ ကျွမ်းကျင်ထက်မြက်စွာ တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

## အလုပ်အကိုင်များရရှိ

၎င်းအပြင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် စက်မှုလက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်သော လုပ်သားများ ပေါ်ထွက်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကိုးကျောင်းကိုလည်း တည်ထောင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များသည် ၎င်းတို့၏ ဘဝနေထိုင်ရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ပြီး အလုပ်အကိုင်များရရှိနေကြပြီဖြစ်သည်။

၎င်း စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်ကြားပို့ချပေးသော သင်တန်းများမှာ လက်သမားပညာ၊ ပန်းရန်ပညာ၊ သံချည်သံကွေးပညာ၊ လျှပ်စစ်နှင့် ဂဟေဆက်ပညာ၊ စက်ပြင်နှင့် တယ်လီဖုန်းပြင် ပညာရပ်တို့ဖြစ်သည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားအမျိုးသမီးငယ်များ၏ဘဝ တိုးတက်စေရန်အတွက် အိမ်တွင်းမှုသင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းသားအမျိုးသမီးငယ်များကို တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်။ ယခုလက်ရှိအချိန်အထိ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း ၄၆ ကျောင်းကို နယ်စပ်ဒေသများတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အသက် ၁၆ နှစ်မှ ၃၀ အတွင်းရှိ ကျန်းမာရေးကောင်းမွန်ပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော နယ်စပ်ဒေသရှိ တိုင်းရင်းသားအမျိုးသမီးငယ်များသည် ၎င်းသင်တန်းကျောင်းများမှ ဖွင့်လှစ်သော အိမ်တွင်းမှုသင်တန်းများကို တက်ရောက်ခွင့်ရရှိသည်။ အောက်ပါသင်တန်းများသည် အိမ်တွင်းမှုသင်တန်းကျောင်းများမှ ပို့ချပေးနေသောသင်တန်းများဖြစ်သည်။ သင်တန်းတစ်ခုစီအတွက် သင်တန်းကာလမှာ ၁၄ ပတ် ဖြစ်သည်–

**(က) အခြေခံအိမ်တွင်းမှုသင်တန်းများ**
- (၁) အခြေခံစက်ချုပ်ပညာ
- (၂) အခြေခံအိမ်တွင်းမှုနှင့်လက်မှုပညာ
- (၃) ဟင်းလျာချက်ပြုတ်နည်းပညာ

**(ခ) အဆင့်မြင့်စက်ချုပ်သင်တန်းများ**
- (၁) ယူနီဖောင်း၊

*စာမျက်နှာ ၁၇ သို့*

**❂ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါး၍ ပညာသင်ကြားရန်မတတ်နိုင်သည့် ကလေးများအား အခြေခံပညာရပ်များကို အခမဲ့သင်ကြားပေးသည့်အပြင် နေထိုင်စားသောက်ရေးအတွက်ပါ ပြည့်စုံစွာစီစဉ်ပေးထားသည်။ အဆိုပါကျောင်းများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ကျောင်းတို့တွင် အဆင့်မြင့်ပညာရပ်များနှင့် အင်ဂျင်နီယာဘာသာရပ်များကို လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဆရာအတတ်သင်ပညာရေးသင်တန်းများကိုလည်းကောင်း အခမဲ့ ဆက်လက်သင်ကြားပေးသည်**

# စာပေဗိမာန်မှ စာပေဗိမာန်စာမူဆုရစာအုပ်များနှင့် သုတ၊ ရသစာအုပ်များထုတ်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆုရ စာအုပ်များနှင့် ပြည်သူများ ပညာဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာစာပေဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူ ဗဟုသုတတိုးပွားရေးအတွက် စာကောင်းပေမွန်များကို ထုတ်ဝေလျက်ရှိသည်။


ထိုသို့ ထုတ်ဝေရာတွင် စာပေဗိမာန် စာမူဆု၊ လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာမ အေးပရယ်ယုနိုင် (ရွှေတောင်)၏ "မမဆိုသော သမီးကြီး" စာအုပ်၌ မိသားစုတစ်စု၏ အကြီးဆုံးသမီးဖြစ်သူ မိန်းကလေးတစ်ဦး၏ အလုပ်တစ်ဖက်နှင့် ပညာရေးကို ကြိုးပမ်းအားထုတ်ရင်း ညီမငယ်လေးများအတွက် စံပြဖြစ်အောင် ဦးဆောင်ပုံ၊ အစ်မကြီး အမိအရာ ရပ်တည်သွားပုံ၊ ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ရပုံတို့ကို "နုနုငယ်ငယ် မမ၊ ခယောင်းလမ်းနှင့် ခြေလှမ်းများ၊ အမိအရာ၊ တက္ကသိုလ် ကျောင်းသူကြီး၊ ခြစ်သောအချစ်၊ မမဆိုသော သမီးကြီး၊ မမပန်းတောသူ" စသည့် ခေါင်းစဉ်ခွဲ ခုနစ်ခုဖြင့် လူငယ်များ အားကျ အတုယူဖွယ် သရုပ်ဖော် ရေးဖွဲ့ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ၎င်းစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်လူရွယ်များ အတွေးအမြင်၊ အယူအဆများ မှန်ကန်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားရန်နှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေးလမ်းညွှန်မှု ပြုနိုင်ရန် ဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်နှင့် စာရေးဆရာမောင်ခင်မင် (ဓနုဖြူ)၏ "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်တို့ကို ပြန်လည်ထုတ်ဝေလိုက်သည်။










ဆရာဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်၌ လူငယ်များအတွက် အကောင်းဆုံးသော ဘဝကို တည်ဆောက်နိုင်မည့် အတွေးအမြင် ခံယူချက် စိတ်ထားနှင့် ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်များ အောင်မြင်ဖို့ တည်ဆောက်ခြင်းနှင့် အမြင်များ၊ ရှက်စိတ်၊ ကြောက်စိတ်နဲ့ အောင်စိတ်၊ လူငယ်နှင့် စူးစမ်းလေ့လာမှုများ၊ တာဝန်–လိပ်ပြာသန့်မှု၊ အလှအပဖြင့် ဝင့်ကြွားခြင်း၊ အသုံးကျခြင်းနှင့် နှလုံးလှခြင်း၊ လူငယ်နှင့်သိပ္ပံအတွေး၊ ယုံကြည်စိတ်ချမှုနဲ့ ဘဝအမြင်၊ လူငယ်နဲ့ တက္ကနိုလိုဂျီ စသည်ဖြင့် လူငယ်များအတွက် ခွန်အားဖြည့် ဆောင်းပါးများ စုစုပေါင်း ၂၈ ပုဒ်ပါရှိပြီး တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ)၏ "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်၌ ကျောင်းသားဘဝကို ဖြတ်သန်းခဲ့သော လူငယ်တစ်ဦးချင်းစီ၏ ဘဝခရီးလမ်းတွင် တင့်တင့်တယ်တယ် လျှောက်လှမ်းနိုင်ရန်အတွက် ပညာအမွေ၊ စိတ်ဓာတ်အမွေများ လက်ဆင့်ကမ်းပေးရုံမျှမက တစ်ကိုယ်ရေ ကျန်းမာရေး ပြည့်စုံဖို့မှသည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေထိုင်ဆက်ဆံတတ်ဖို့အထိ ဘက်စုံပျိုးထောင်ပေးခဲ့သော ဆရာ၊ ဆရာမပေါင်း ရာဂဏန်းအထိ ရှိပုံနှင့် ကျေးဇူးတရားကြီးမားလှပုံကို ဆရာမောင်ခင်မင် (ဓနုဖြူ) က ကိုယ်တွေ့ ဖြစ်ရပ်များဖြင့် ရေးဖွဲ့ထားပါသည်။

ယနေ့ သင်ကြားပို့ချနေသော ဆရာ၊ ဆရာမများနှင့် သင်ကြားပို့ချမှုခံယူသော ကျောင်းသား၊ ကျောင်းသူများ၏ စေတနာ၊ ခံယူချက် သဘောထား၊ ကျင့်သုံးဆောင်ရွက်မှု၊ အားထုတ်လုပ်ဆောင်မှုများကို ထပ်ဆင့်၍ အကျိုးရှိစေမည့်အပြင် အနာဂတ်တွင် တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍမှ လက်ဆင့်ကမ်းတာဝန်ယူ ဆောင်ရွက်ကြမည့် မျိုးဆက်သစ် လူငယ်များကို စိတ်ဓာတ်အခြေခံမှအစ ထိန်းသိမ်းတည့်မတ်ပေးနိုင်မည် ဖြစ်ပါသည်။ ဆရာကြီးက ဤသို့သော စေတနာရည်ရွယ်ချက်ကောင်းများဖြင့် သုတရသမြောက်စွာ ရေးဖွဲ့ထားသောကြောင့် အိမ်တွင် မရှိမဖြစ် ဆောင်ထားသင့် သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း–၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈၊ အမှတ် (တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း– ၀၆၇–၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း– ၀၂– ၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း– ၀၁–၈၂၄၉–၀၃၁၊ ၀၁–၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

(၂) မြန်မာ၊ ရှမ်း တိုက်ပုံ၊
(၃) ခေတ်ပေါ်အမျိုးသမီးဝတ်စုံ၊
(၄) ကုတ်အင်္ကျီ (ဆာဖာရီကုတ်၊ အမျိုးသမီးကုတ်)၊
(၅) စတိုင်ဘောင်းဘီ၊
(၆) အနောက်တိုင်းကုတ်အင်္ကျီ၊
(ဂ) သိုးမွှေးထိုးသင်တန်း၊
(ဃ) ကနုကမာကျောက်စီသင်တန်း၊
(င) အခြေခံလက်ရက်ကန်းပညာသင်တန်း၊
(စ) ရိုးရာဂျပ်ခုတ်ပညာသင်တန်း၊
(ဆ) ကြိမ်၊ ဝါး လက်မှုပညာသင်တန်းတို့ ဖြစ်သည်။

ထို့အပြင် ခေတ်မီမော်တာစက်ချုပ်သင်တန်းများကိုလည်း အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်အိမ်တွင်းမှု သင်တန်းများပြီးမြောက်သော တိုင်းရင်းသားအမျိုးသမီးငယ်များကို ပို့ချပေးသည်။ ၎င်းသင်တန်းများကို ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ပို့ချပေးပြီး အတွေ့အကြုံရင့်ကျက်သော သင်တန်းနည်းပြများက တာဝန်ယူပို့ချပေးသည်။ မော်တာစက်ချုပ်သင်တန်းများ ပြီးမြောက်သောသင်တန်းသူများကို အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ခန့်အပ်သည်။ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ပို့ချပေးလျက်ရှိသော အခြားသင်တန်းတစ်ခုမှာ ဟိုတယ်ဝန်ဆောင်မှုသင်တန်းဖြစ်သည်။ ဟိုတယ်ဝန်ဆောင်မှု သင်တန်းမှ ထူးချွန်သူများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေပြီး တစ်ဆက်တည်းမှာပင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်လျက်ရှိသည်။ ထို့ကြောင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို **"ပြည်ထောင်စုပန်းများ ဝေဆာပွင့်လန်းစေသော ဘူမိနက်သန်မြေ"** ဟု ရည်ညွှန်းခေါ်ဆိုလိုက်ရပေသည်။


ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)


ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)

## နွေစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ပြီး နွေနှမ်းစိုက်တောင်သူများအား မျိုးစေ့ပေးအပ်

**အင်းတော် ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ခြင်းနှင့် နွေနှမ်းစိုက်တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က အင်းတော်မြို့စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်က တောင်သူများအား ထောက်ပံ့ပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ဒုဦးစီးမှူး ဦးသာဆန်းက နွေနှမ်း၊ နွေစပါးစိုက်ပျိုးနည်းစနစ်များနှင့် သီးထပ်၊ သီးညှပ်စိုက်ပျိုးမှုတိုးတက်မြင့်မားလာရေးတို့ကို ပညာပေးဆွေးနွေးသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်နှင့် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဇန်နဝါရီ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၇ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

**(၂၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၇) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၂၀) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၂၇,၂၇၈) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၄,၉၀၈) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၂,၉၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိသဖြင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ (၅) ရက်ဆက်တိုက်ရှိပြီဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၃၈) ခု | (၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၇) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၃) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၇၄) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၅၆) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၂၀၁) ခု | (၁၃၈) ဦး |
| **စုစုပေါင်း** | (၁၀,၇၇၃) ခု | (၂၃၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၈ - ၁ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၄၆၉၅၃၃၃ | ၄၅၆၁၄၂၁၂ | ၉၀၂၁၄၀ |
| ၂။ | အိန္ဒိယ | ၄၀၆၂၂၇၀၉ | ၃၈၀၂၄၇၇၁ | ၄၉၂၃၅၆ |
| ၃။ | ဘရာဇီး | ၂၄၇၈၂၉၂၂ | ၂၂၀၉၈၀၅၇ | ၆၂၅၁၆၉ |
| ၄။ | ပြင်သစ် | ၁၈၁၂၂၇၂၄ | ၁၁၃၈၁၄၃၇ | ၁၃၀၀၁၅ |
| ၅။ | ဗြိတိန် | ၁၆၂၄၅၄၇၄ | ၁၂၉၆၁၈၄၅ | ၁၅၅၀၄၀ |
| ၆။ | ရုရှား | ၁၁၅၀၂၆၅၇ | ၁၀၁၅၉၁၉၇ | ၃၂၉၄၄၃ |
| ၇။ | တူရကီ | ၁၁၂၅၀၁၀၇ | ၁၀၅၆၇၄၂၇ | ၈၆၆၆၁ |
| ၈။ | အီတလီ | ၁၀၅၃၉၆၀၁ | ၇၆၈၇၉၈၉ | ၁၄၅၁၅၉ |
| ၉။ | စပိန် | ၉၆၆၀၂၀၈ | ၅၇၈၆၃၈၁ | ၉၂၇၆၇ |
| ၁၀။ | ဂျာမနီ | ၉၄၃၃၅၅၄ | ၇၄၉၄၂၀၀ | ၁၁၈၁၆၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၃၁၉၁၇၅ | ၄၁၃၁၃၃၃ | ၁၄၄၂၆၈ |
| ဖိလစ်ပိုင် | ၃၅၁၁၄၉၁ | ၃၂၂၆၀၃၂ | ၅၃၈၀၁ |
| မလေးရှား | ၂၈၅၀၄၀၈ | ၂၇၇၀၆၆၃ | ၃၁၉၄၀ |
| ထိုင်း | ၂၄၁၅၄၇၂ | ၂၃၀၉၆၄၈ | ၂၂၁၂၉ |
| ဗီယက်နမ် | ၂၂၁၈၁၃၇ | ၁၉၅၀၂၄၄ | ၃၇၄၃၂ |
| မြန်မာ | ၅၃၄၉၀၈ | ၅၁၂၉၀၀ | ၁၉၃၁၀ |
| စင်ကာပူ | ၃၃၃၀၇၁ | ၃၁၁၅၈၉ | ၈၅၀ |
| လာအို | ၁၃၂၆၈၁ | ၁၂၅၀၈၈ | ၅၃၈ |
| ကမ္ဘောဒီးယား | ၁၂၁၁၈၈ | ၁၁၇၃၀၃ | ၃၀၁၅ |
| ဘရူနိုင်း | ၁၆၂၀၆ | ၁၅၇၄၃ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁-၂၀၂၂ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| **၀၆:၀၀** | မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော် | **၁၆:၄၅** | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| **၀၇:၀၀** | နံနက်ခင်းသတင်း | **၁၇:၁၀** | ရှုလေမြင်လေကမ္ဘာမြေ |
| **၀၇:၃၅** | Weekly Sports Info | **၁၇:၃၀** | MRTV Travelogue |
| **၀၈:၃၅** | ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုနယ်မြေဆီသို့ | **၁၈:၀၀** | ပြည်တွင်းသတင်း |
| **၀၉:၄၀** | ခေတ်အလိုက်ကြေးမုံပြင် **'မြန်မာ့ပန်းချီပြခန်း'** (အပိုင်း-၁) | **၁၈:၃၀** | သုတဝေဖြာသီရိဂေဟာ |
| **၁၀:၀၀** | သတင်းထဲကသတင်း | **၁၉:၁၅** | နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ရှုဒေါင့်ချက်'** (အပိုင်း-၅၈) |
| **၁၀:၃၀** | လူငယ်မျိုးဆက်သစ်အစီအစဉ် | **၂၀:၀၀** | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| **၁၁:၄၅** | တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ | **၂၁:၀၀** | စိန်ရတုပြည်ထောင်စုလှုရှင်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၄) |
| **၁၃:၃၀** | MRTV National News | **၂၂:၀၀** | ရုပ်မြင်သံကြားဇာတ်လမ်း **'စိတ်၏ကကြိုး'** |
| **၁၆:၃၅** | ပုံပြင်ကမ္ဘာအစီအစဉ် **'လောဘကြီးသောငှက်ငယ်'** | | |

**သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်မြေပွဲ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** Union Blood (Pann Nu Yin, Pann Su Thwin)
**07:06** Weekly Review
**07:22** Interesting Features of Rakhine
**07:43** Myanmar Family Life: Vege Menu
**08:01** Quiz Time (Ep-2)
**09:01** News
**09:27** Global Partnership for Brighter Future: UAE Pavilion at Expo 2020 Dubai
**09:34** A Happy Visit to Zoological Garden (Nay Pyi Taw)
**09:45** Shan Novices To Be..........
**10:01** Lines & Wash Painting
**10:08** San Lin Tun (Winner) Lose2Win with Andy Season 2
**10:25** Aesthetic Chinlone

**MRTV NRC**

**ပအိုဝ်းဂရင် (၀၆:၀၀ မှ ၀၇:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဆီချိုသွေးချိုအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပုလွေမှုတ်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ(အပိုင်း-၁)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ပညာရပ်များစွာဆည်းပူးလေ့လာ
MRTV ကျောင်းတော်မဟာ(အပိုင်း-၄)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၄)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
မီးဖိုပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီသို့

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လောဘနဲ့ဒေါသ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၁၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၁)
**၁၁:၁၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မွန်ပြည်နယ်) သက်ကြီးသတင်းစာဆရာကြီးများအား အိမ်တိုင်ရာရောက်ဂါရဝပြုကန်တော့




**မော်လမြိုင် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မွန်ပြည်နယ်) စတုတ္ထအကြိမ်မြောက် သက်ကြီးသတင်းစာဆရာကြီးများအား အိမ်တိုင်ရာရောက် ဂါရဝပြုကန်တော့ခြင်းကို ဇန်နဝါရီ ၁၆ရက်က မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မွန်ပြည်နယ်) ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် သတင်းစာဆရာများက သတင်းစာ ဆရာကြီးများအား ဂါရဝပြု ကန်တော့ကြသည်။

သတင်းစာ ဆရာကြီးများအတွက် စုပေါင်းပြီး ရရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် သထုံမြို့နယ်သုဝဏ္ဏဝတီမြို့မှ ဦးအောင်စိုး၊ ကျိုက်ထိုမြို့တွင် နေထိုင်သော ဦးစိုးဝေနှင့်မော်လမြိုင်မြို့မှ ဦးတင်လှိုင်တို့အား ဂါရဝပြုကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြပြီး (ဝဲပုံ) ကန်တော့ခံ သက်ကြီးသတင်းစာ ဆရာကြီးများက သြဝါဒစကား ပြောကြားခဲ့ကြသည်။

**မုဒုံမောင်မောင်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သတင်းနှင့် သတင်းဆောင်းပါးဆုများ ချီးမြှင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အတွင်း ကျင့်ဝတ်နှင့်အညီ ရေးသားထားသည့် သတင်းစာ၊ ဂျာနယ်နှင့် သတင်းမီဒီယာကဏ္ဍအသီးသီးတွင် ဖော်ပြခဲ့သော သတင်း၊ သတင်းဆောင်းပါးများကို ရွေးချယ်ပြီး သတင်းသမားများအတွက် သတင်း၊ သတင်းဆောင်းပါးဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော သတင်းမီဒီယာသမားများအနေဖြင့် မိမိတို့ရေးသားထားသော သတင်းနှင့်သတင်းဆောင်းပါး အနည်းဆုံးငါးပုဒ်ကို ဖော်ပြပါရှိခဲ့သော အထောက်အထားများနှင့်အတူ ကိုယ်ရေးအကျဉ်းကိုပါ ပူးတွဲလျက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ထက် နောက်မကျစေဘဲ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၅၈၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၈၀/၁၅၉၀ ကျပ် | ၁၆၁၀/၁၆၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၉၀/၁၆၀၀ ကျပ် | ၁၆၂၅/၁၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၅၅/၁၅၇၅ ကျပ် | ၁၆၀၀/၁၆၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၀၅/၁၆၄၅ ကျပ် | ၁၇၂၀/၁၇၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၇၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၀၉ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၃ . ၃၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၈ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၃ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၉ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၆၈၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၁၈၀ | ၁၄၅၈၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၇၈၃၃ | ၂၃၄၉၄၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၉၂ | ၁၇၉၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကင်းသာ(၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်တို့ကို အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှန်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဦးကျော်မြင့်တို့အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ကင်းသာ(၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်တို့တွင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ Quarantine ထားရှိသည့်အဆောင်၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်တို့ကို ကော်မရှင်က ဗဟုသုတရဖွယ်ရာစာအုပ်စာပေ အုပ် ၄၀၀ တို့ကို လှူဒါန်းခဲ့သည်။



အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၀ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ် တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

---

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေး ကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသောစာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းပဒေခွဲ(က) ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

---

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီ ဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ ၁၁ ခုမှ တိုင်းဒေသကြီး/ပြည်နယ် များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၁၁၅ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို အောက်ဖော်ပြပါ မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး၊ နေ့စဉ်ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www. mpta.org.mmတွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိနေသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၃၁ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၃၅ |
| ၃ | နေပြည်တော် | ၅ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀ |
| ၅ | မကွေးတိုင်းဒေသကြီး | ၃ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၄ |
| ၉ | မွန်ပြည်နယ် | ၆ |
| ၁၀ | ကချင်ပြည်နယ် | ၂ |
| ၁၁ | ရှမ်းပြည်နယ် | ၁၅ |
| | **စုစုပေါင်း** | **၁၁၅** |

---

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာစစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထို့သို့ထုတ်ပေးရာတွင် ဇန်နဝါရီ ၂၈ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Syringe အခု ၁၃၉၂၀၊ Tubrig Sets For Hemodialysis အခု ၂၅၀၊ A.V Fistular Needle 3 Set အခု ၄၄၀၊ Hollow Fiber Dialyzer ၁၈၇ ခု၊ ဆေးဝါးမျိုးစုံ ၅၁ မျိုး စုစုပေါင်း ၁၅၈၆၆၈ ဒသမ ၁၄ Kg၊ နယ်စပ်(ချင်းရွှေဟော်)တွင် Pai Hydroo Ingection အခု ၃၅၁၂၀၊ Pai B Plex Injection အခု ၅၈၈၀၀၊ Pai Cetirizine Tablet အခု ၁၃၀၈၀၊ Sai Vc Ingection အခု ၁၇၄၄၀၊ Pai Diclo Tablet ၉၉၄၅ ခု၊ Mask ၉၂၂၂ Kg၊ Blood Transfusion Set အခု ၇၂၀၀၊ Scalp Vein Set အခု ၁၀၄၀၀၊ Syringe အခု ၇၇၄၀၊ Needle အခု ၃၄၈၀၀၊ Face Shield အခု ၇၆၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အတွင်း သောင်တင်နေသော ငါးဖမ်းရေယာဉ်တစ်စင်းကို တပ်မတော် (ရေ)က ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၂၈**
ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနောက်ဘက် ၈ မိုင်ခန့်အကွာ မြန်မာ့ပင်လယ်ပြင်အတွင်း၌ ယနေ့နံနက် ၉ နာရီခန့်တွင် မိုးကောင်း(၉) အမည်ရှိ ငါးဖမ်း ဝါးလက်လှေသည် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် ရေမျော၍ ကျောက်တန်းပေါ်သို့ တင်နေသဖြင့် တပ်မတော်ရေက ကူညီကယ်ဆယ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

ထိုသို့ဖြစ်ပေါ်နေကြောင်းသိရှိရသဖြင့် တပ်မတော် (ရေ)မှ တပ်ဖွဲ့ဝင်များက စစ်ရေယာဉ်များဖြင့် အဆိုပါနေရာသို့ သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လှေပေါ်ပါ လှေသား ၁၈ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များ၊ မော်တော်ယာဉ်နှင့် သစ်မျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် MIP ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ဖော်ပြကြေညာချက်များနှင့် ကွဲလွဲနေသည့် ကြွေခွက်အလုံး ၇၂၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၁၀၄၂၀ ကို လည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြကြေညာထားခြင်းမရှိသော ဂဟေဆော်တံ ဖာ ၁၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၁၀၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဖြူမြို့နယ်နှင့် အမ်းမြို့နယ်တို့တွင် သင်ဘုန်းသစ်ခွဲသား ၇၁ ဒသမ ၃၇၀၇ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၉၅၉၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မှူခင်းရဲတပ်ဖွဲ့မှဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အေးရိပ်ချောင်လမ်းမကြီးရှိ ဆင်မင်း (ကုန်စည်ပို့ဆောင်ရေး) ကားဝင်း ဂိုဒေါင်အတွင်း၌ ခဲ/သတ္တုအိတ် ၃၂၅ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနေ့တွင် ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်းတစ်လျှောက်ရှိပါချန်မြစ် မေးတင်ဂိုဒေါင်များနှင့် အခြားတရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်/သိုလှောင်နိုင်သော နေရာများကို တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဖြင့် ရှာဖွေဖမ်းဆီး ဆောင်ရွက်ခဲ့ရာ တရားမဝင်စားသောက်ကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၂၆၆၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့စီမံခန့်ခွဲမှုဖြင့် ပင်းတယမြို့နယ် ကျုံးရဲကင်းစခန်းပူးပေါင်းအဖွဲ့မှ လွှဲပြောင်းအပ်နှံခဲ့သော မော်တော်ယာဉ်ရှစ်စီးနှင့်ပတ်သက်၍ ယာဉ်နှင့်ယာဉ်ပေါ်ပါကုန်ပစ္စည်းများအား စစ်ဆေးဆောင်ရွက်ခဲ့ရာ လူသုံးကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၇၅၀၀၀၊ အလှကုန်နှင့် စားသောက်ကုန်မျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၃၂၅၅၀၀ နှင့် ကုန်တင်မော်တော်ယာဉ် ရှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၆၀၀၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များမှ စစ်ကိုင်းမြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ဂျုံမှုန့်အိတ် ၁၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ နှင့် ရွှေပါဝင်သည်ဟု ယူဆရသော ဖြုန်းမြေအိတ် ၄၈၀ ကီလိုဂရမ် ၁၂၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်/သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၈၁၂၃၁၆၉ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



၁၇-၁-၂၀၂၂ ရက်တွင် ပင်းတယမြို့နယ် ကျုံးရဲကင်းစခန်းပူးပေါင်းအဖွဲ့မှ လွှဲပြောင်းအပ်နှံခဲ့သော မော်တော်ယာဉ်ရှစ်စီးနှင့်ပတ်သက်၍ ယာဉ်နှင့်ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများကို အသေးစိတ်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ၂၆-၁-၂၀၂၂ ရက်တွင် တင်ပြလာသည့် အမှုတွဲ စုစုပေါင်း ၂၄ မှု စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၈၄၇၆၀၀၅၀၀ ခန့်၏ မှတ်တမ်းဓာတ်ပုံ။

## တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၆၀၀ ကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**
တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ



တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဟောင်လိတ်စက်မှုဇုန်မှ မြို့ရှောင်လမ်းသို့ မောင်းနှင်လာသည့် Toyota Crown မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အဆိုပါယာဉ်မှာ ဆက်လက်မောင်းနှင်၍ လမ်းဘေးတောစပ်တွင် ယာဉ်ကို ရပ်တန့်

သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များ၊ လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် ၎င်းမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် အမှတ် (ဝလ/၉၅)ရှိသိမ်းဆည်းရမိ မူးယစ်ဆေးဝါးများပိုင်ရှင် မောရှည် (၄၅နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အဆိုပါနေအိမ်၌ ကျိုင်းတုံမြို့မှ ရောက်ရှိနေသည့် မောရှည်နှင့်အတူ အိုက်စ် (မက်သ်အဖက်တမင်း)များ ရောင်းဝယ်ရာတွင် အကျိုးတူပူးပေါင်းပါဝင်သူ မနာလောခမ်း (၄၄နှစ်) အား Toyota Crown မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ မနာလောခမ်း အား စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မာပို(၁) ကျေးရွာရှိ မောရှည်ပိုင် ရော်ဘာခြံကို ဆက်လက်ရှာဖွေရာ လှဝင်း (၁၈နှစ်)အား စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ပွိုင့် ၂၂ သေနတ်ကိုယ်ထည်တစ်ခု၊ ပွိုင့် ၂၂ ပြောင်းတစ်ခု၊ ပွိုင့် ၂၂ စနိုက်ပါမှန်ပြောင်းတစ်ခု၊ ၄၀ မမ ဗုံးသီး သုံးလုံး၊ လက်ပစ်ဗုံးမျိုးစုံ ရှစ်လုံး၊ ကျည်မျိုးစုံ ၆၅၂ တောင့်နှင့် သေနတ်လွယ်ကြိုး ငါးချောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သီတဂူချင်းတွင်းသာမဏေကျော်ဗုဒ္ဓတက္ကသိုလ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သီတဂူချင်းတွင်းသာမဏေကျော် ဗုဒ္ဓတက္ကသိုလ်သို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၇ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်ရှိ သီတဂူချင်းတွင်းသာမဏေကျော် ဗုဒ္ဓတက္ကသိုလ်သို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ် စိန်ပြောင်းများ၊ မီးတုတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဗုံးသီးများ ကျရောက်ပေါက်ကွဲပြီး မီးတုတ်များမှတစ်ဆင့် မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း။

အဆိုပါ ကျောင်းဝင်းအတွင်း မီးလောင်နေကြောင်းသတင်းအရ ည ၁၂ နာရီ ၁၀ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ မိနစ် ၃၀ အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် စာသင်သား သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ထန်းရွက်မိုး၊ ထရံကာအဆောက်အအုံ နှစ်လုံး မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် အဆိုပါဗုဒ္ဓတက္ကသိုလ်တွင် ကျောင်းထိုင်ဆရာတော်အပါအဝင် စာသင်စာချဆရာတော် ခုနစ်ပါးက စာသင်သား သံဃာတော် ၃၂ ပါးတို့အား ပါဠိ ပိဋကတ်စာပေများ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဗုဒ္ဓသာသနာတော်တည်တံ့ခိုင်မြဲရေးအတွက် စာသင်သားသံဃာတော်များအား ပါဠိ ပိဋကတ်စာပေများ သင်ကြားပို့ချပေးလျက်ရှိသည့် သီတဂူချင်းတွင်းသာမဏေကျော်ဗုဒ္ဓတက္ကသိုလ်အား အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးခဲ့ကြသည့် အကြမ်းဖက်သမားများအားဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**









ယင်းမာပင်မြို့နယ်ရှိ သီတဂူချင်းတွင်း သာမဏေကျော်ဗုဒ္ဓတက္ကသိုလ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံများ။

○ ကျောဖုံးမှ

မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၅၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဆပ်ပြာမှုန့်၊ မုန့်မျိုးစုံ တင်ဆောင်ထားသည့် 1N/7932 ခြောက်ဘီးကုန်တင်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ပြီး ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ည ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သဲကုန်းကျေးရွာနေ ဖော်ဇော်ဦး (၄၆)နှစ် (ဘ)ဦးစန်းမြင့် မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်ရှမ်းမ(၃၀)နှစ် (ဘ)ဦးလှမြင့်လိုက်ပါလာသည့် 1N/7932 ခြောက်ဘီးကုန်တင်ယာဉ်သည် ကုန်မျိုးစုံတင်ဆောင်ပြီး မြဝတီ–ကော့ကရိတ် ကားလမ်းအတိုင်း မြဝတီမြို့မှ ထွက်ခွာလာခဲ့ရာ အခင်းဖြစ်နေရာအရောက်တွင် သေနတ်များကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်သမားများက မော်တော်ယာဉ်ကိုတားဆီး၍ ၎င်းတို့နှစ်ဦးအား ယာဉ်ပေါ်မှဆင်းခိုင်းကာ ယာဉ်၏ခေါင်းပိုင်းအတွင်းသို့ ဓာတ်ဆီလောင်းချမီးရှို့ခဲ့ပြီး ကားလမ်း၏ဝဲဘက်ခြမ်း လယ်ကွင်းဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ထိုကဲ့သို့ ခြောက်ဘီးကုန်တင်ယာဉ်ကို တားဆီးကာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျွဲကျောင်းနေစဉ် တောဆင်ရိုင်းအနင်းခံရ၍ လူတစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဇန်နဝါရီ ၂၇ ရက်က တောဆင်ရိုင်းအနင်းခံရ၍ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် တိုက်ကြီးမြို့နယ် လိပ်ကြည်ကျေးရွာနေ ဦးသိန်းသိန်း(၃၈ နှစ်)သည် ယင်းကျေးရွာအနီးရှိ တော၌ ကျွဲကျောင်းနေစဉ် တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောအတွင်း၌ ဦးသိန်းသိန်းတွင် မေးစေ့၊ လည်ပင်း၊ ရင်ဘတ်၊ ပါးစပ် သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိ၍ တိုက်ကြီးမြို့မရဲစခန်း၌ သေမှုသေခင်းအမှတ်စဉ်(၅/၂၀၂၂)ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ပင်လောင်းမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများကို ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်တွင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့၌ ဘိန်းစိုက်ခင်းများကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးခဲ့ရာ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ပင်မွန်း(မြောက်) ကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ၃၂ ဧက၊ တန့်ယန်းမြို့နယ် ပန်ဝိုးကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ၁၁ ဧကနှင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လငန်ကျေးရွာ၏ တောင်ဘက် ခြောက်ဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်တို့ကို ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

# ဒေဝယက္ခမန်းဆေး

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ သနပ်ပင်လမ်းနေ ဒေဝယက္ခဆေးတိုက်မှ အသိပေးကြေညာအပ်ပါသည်။

**အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင် မှုန့်သွားစေရမည်ဟု** ကြော်ငြာလျက် အကျိတ်အနာအမျိုးမျိုးတို့ကို လက်တွေ့ပျောက်ကင်းသော တိုင်းရင်းဆေးနည်းဖြင့် ဖော်စပ်ထုတ်လုပ်ဖြန့်ချိခဲ့ရာ ဝေဒနာရှင်များ သုံးစွဲရာတွင် ပျောက်ကင်းမှုဖြစ်စေသည်ဟူ၍ ကောင်းသတင်းဖြင့် ကျော်ကြားခဲ့ပါသည်။

ယခုအခါတွင် တချို့သော သူများက အတုအပပြုလုပ်၍ ရောင်းချနေသည်ကို တွေ့ရှိနေရပါသည်။ ဆက်လက်မပြုလုပ်ရန် သတိပေးတားမြစ်သည်။ သုံးစွဲကြသော ဝေဒနာရှင်များကလည်း အစစ်အမှန်ကို ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။

ဒေဝယက္ခဆေးတိုက်ပိုင်ရှင်

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁-၂၀၂၂ရက်ထုတ် စာမျက်နှာ (၂၆)တွင်ပါသော ကန့်ကွက်ကြော်ငြာတွင် ဦးသိန်းနိုင်ညီ အစား ဦးသိန်းနိုင်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးမင်းအောင် ၈/ရနခ(နိုင်)၁၃၃၂၀၈၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေယံဦး ၈/တတက (နိုင်)၂၂၃၅၃၃၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇင်မင်းကို ၈/မမန (နိုင်)၂၇၈၀၉၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်မ မနွေရွက်ဝါ ၈/တတက(နိုင်) ၁၈၃၇၅၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**လမ်းတံတားဌာန**

**ပြည်ကြီးတံခွန်မြို့နယ်အတွင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၁-၂၀၂၂ ခု(အောက်တိုဘာလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ကြီးတံခွန်မြို့နယ်အတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများအား တင်ဒါစနစ်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၃၁ -၁-၂၀၂၂ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ ရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန်** | - ၁၁-၂-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နေ့ရက်နှင့် အချိန်** | - ၁၄-၂-၂၀၂၂ ရက် နံနက် ၉:၃၀နာရီမှ ၁၆:၃၀ နာရီ အထိ |
| (ဃ) | **တင်ဒါ Lot(၁) စောင် ရောင်းဈေးနှုန်း** | - ၁၀၀၀၀/-ကျပ် |

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာ ဝယ်ယူထားသည့် ကုမ္ပဏီများအား ၁၁-၁-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်း အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁ လိုင်းခွဲ-၁၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/3771 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဝင်း MME-၆၄၉၉၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

# ကုန်အမှတ်တံဆိပ် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၆၂)၊ (ဒု)ထပ်၊ တိုက်(B)၊ မုဒိတာ(၁)၊ မရမ်းကုန်းမြို့နယ်ရှိ **Htet Myat Shwe Company Limited Registration No-130723187** အရ **"Pizza Villa"** ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်စာချုပ်အမှတ် (၄/၂၉၃၆)(၂၁-၉-၂၀၂၁)နေ့တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသောကြောင့် ထိုလုပ်ငန်းအမှတ်တံဆိပ်အား ဆင်တူယိုးမှားတုပခြင်းလုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Htet Myat Shwe**
**Company Limited**
**ဖုန်း 09 401441216**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ်(၄၃၂)(မြောက်ပိုင်း)ကို ဦးဘိုးသန်း (စောဖိုးသန်း) အမည်ဖြင့် ရရှိထားပြီး မြေအကျယ်အဝန်း(၃၀ပေ x ၅၀ပေ) ပါမစ်မြေမှ ထက်ဝက်ကို ရောင်းချခဲ့ပြီးနောက် ကျန်ရှိသော မြေ(၁၅ပေ x ၅၀ပေ)နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ တိုက်ခံ၊ ရေမီးပါ အိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဇနီးဒေါ်နော်စိန်မေ ၁၂/မဂဒ(နိုင်)၀၆၉၃၃၁ ထံမှ ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ အချို့အဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့် အိမ်အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း မူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

| | |
|---|---|
| ဒေါ်ယဉ်ပိုထွန်း | ဦးခင်မောင်ညွန့် |
| (LL.B) | B.Sc(Chem:); H.G.P; R.L. |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ |
| (စဉ်-၅၃၅၁၄/၃၁-၈-၂၀၂၀) | (စဉ်-၆၅၇၂/၂၀-၇-၁၉၉၈) |
| ရုံးခန်း- ၆၆၊ ဝဏ္ဏကျော်စွာလမ်း | |
| (၁၄/၅) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ် | |
| မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၀၈၁၉၁၁ | |

**စာချုပ်စာတမ်းမူကြမ်းအား ကန့်ကွက်တင်ပြနိုင်ရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၃၄)**
**ပြည်မြို့နယ် တရားမရုံးတော်၌**
**၂၀၂၁ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈**

ဦးမင်းအောင် **တရားနိုင်** နှင့် ဦးအောင်လွင် **တရားရှုံး**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ တရားရှုံး ဦးအောင်လွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်ဖော်ပြပါအမှုတွင် ဒီကရီအနိုင်ရသူက နောက်တွင် မူကြမ်းအဖြစ် ပူးတွဲပါရှိသည့် အောက်တွင် သီးခြားဖော်ပြထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်းသည့် မြေနှင့်အဆောက်အအုံ အပြီးအပိုင် အရောင်းအဝယ် စာချုပ်စာတမ်းကို ရုံးတော်က သင်၏ ကိုယ်စားချုပ်ဆိုပေးနိုင်ရန် ၂၇-၁၂-၂၀၂၁ရက်တွင် ဤရုံးတော်သို့ လျှောက်ထားတင်သွင်းလာသည်ဖြစ်၍ ဆိုခဲ့သည့် လျှောက်လွှာကို ကြားနာရန် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်သို့ ချိန်းဆိုထားရှိရာ သင်က အဆိုပါနေ့ရက်တွင် ရုံးတော်သို့ လာရောက်၍ဆိုခဲ့သည့် စာချုပ်မူကြမ်းကို တစ်စုံတစ်ရာ ရေးသားကန့်ကွက်ချက်များ တင်သွင်းလိုပါက တင်သွင်းနိုင်ရန် အကြောင်းကြားလိုက် သည်။

**ပစ္စည်းစာရင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ကိုးသောင်းတိုးချဲ့အပိုင်း(၂)၊ ဦးပိုင်အမှတ် ၂၁၇ᵃ၊ ပိုင်ဆိုင်ခွင့် (L)၊ မြေအမျိုးအစား-မြို့မြေ၊ ဧရိယာ ၀ဒသမ ၀၄၄ ဧက ကျယ်ဝန်းသည့် မြေကွက်၊

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းနွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ (၅၂)လမ်း၊ သုခလမ်းသွယ်၊ တိုက်အမှတ် (၃၉)ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၃၂ )ထပ်တိုက်မှ အကျယ်အဝန်း (၁၂၁/၂x၅၀)ပေရှိ သုံးလွှာ (ခြေရင်းခန်း) တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်နွယ်နေသည့် အကျိုးခံစားခွင့်များကို မူလပိုင်ရှင် ကန်ထရိုက်တာ ဦးမြင့်ကြည်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူခဲ့သဖြင့် ပိုင်ဆိုင်လက်ရှိဖြစ်မှုအရ ထိုတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူဖြစ်လာသည်ဟု ဝန်ခံကတိပြုခဲ့သော ဒေါ်ဆိုင်းခိုင် ၁/မကန (နိုင်)၁၃၇၁၆၈က ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာဘေဘီတိုး ၁၂/လမန(နိုင်)၀၆၄၅၈၉ အား အပြီးအပိုင်ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းအား အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမူရင်း အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီး ဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းအိဇာ (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း ၄၀၄၊ တိုက် ၂၃၊ အင်းဝအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၁၅၁၂၀၈၀**

**ပတ်စ်ပို့ပျောက်**

ကျွန်မ မစုရည်လှိုင် ၈/မကန(နိုင်) ၂၃၁၀၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၀၁၃၂၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 4P/4946 (Daihatsu Hgot) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၁၃/ပလန(နိုင်)၀၇၉၂၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/6458, Mitsubishi Canter EE 305B, Light Truck(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီဝင်း ၅/ကဘလ(နိုင်)၁၃၃၆၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အများ သိရှိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေကွက်အမှတ် ၁၂၊ မြေတိုင်းရပ်ကွက်အမှတ်(က/၅)၊ လူနေရပ်ကွက်-ယမုံနာ (၁)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ် ၁၅၉၊ (၂)ခန်းတွဲ (၆)ထပ်တိုက် မြေညီထပ်၊ ခြေရင်းခန်း၊ မှန်ခန်းပါ တိုက်ခန်းကို တိုက်ခန်းရောင်းချသူ (ကန်ထရိုက်တာ) ဦးဆဲဆူး(ခ) ဦးမိုးဇက်ထံမှ ဦးကျော်သူရ ၁၄/ဘကလ(နိုင်)၁၄၂၂၃၆ က ဦးကျော်သူရနှင့်ဇနီး ဒေါ်သွယ်သွယ်ခိုင်တို့ လင်မယားနှစ်ဦးအမည်ဖြင့် ၁-၉-၂၀၁၆ ရက်တွင် စာချုပ်ချုပ်ဆို၍ ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပြီး 6P/4779 Hiject အဖြူရောင်ကားကိုလည်း ဦးကျော်သူရအမည်ဖြင့် ဝယ်ယူထားသော ကားဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ကားအား စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ပိုင်ရှင်ဦးကျော်သူရ၏ ခွင့်ပြုချက်သဘောဆန္ဒမရှိဘဲ မည်သူ့တွင်မှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိပါ။ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သူရ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လတ်လတ်မာ(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၄၅/၁၆)**
**အမှတ်(၅၉၅/၅၉၆)၊ စက်တော်ရာလမ်း**
**(ဘိုးဘွားရုပ်တု အနီး) ပုသိမ်မြို့**
**ဖုန်း-၀၉-၄၂၂၅၃၆၆၃၉၊၀၉- ၇၉၂၄၈၄၉၆**

## သွာနုတ္တ(သမာနုတ္တာ)သားအဖြစ် ကြော်ငြာ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အမှတ် (၁၀/၄၃)၊ (၁၀/၄၄)၊ နယ်မြေ (၁၀)၊ ရပ်ကွက် (၆)၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်တွင်နေထိုင်သူ ဒေါ်အုန်းဆွေ (ဘ-ဦးဟဲ) ၁၃/တကန(နိုင်)၁၄၅၄၅၀ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

သားဖြစ်သူ ဦးကျော်မြင့်ထွန်း(ခ)ဖိုးထူး ၁၃/တကန(နိုင်)၁၅၁၄၆၃သည် မိခင်ဖြစ်သူ ဒေါ်အုန်းဆွေအား မကြာခဏရန်တွေ့ကြိမ်းမောင်းကာ မိခင်ဖြစ်သူ အကြိမ်ကြိမ်မျက်ရည်ကျ စိတ်ဆင်းရဲအောင် ပြုလုပ်နေသည့်အတွက် ဒေါ်အုန်းဆွေမှ ဦးကျော်မြင့်ထွန်း(ခ)ဖိုးထူးအား သွာနုတ္တ (သမာနုတ္တာ)သားအဖြစ် ကြော်ငြာ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်အောင်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇၁)**
**အမှတ် (၃၉)၊ ပတ္တမြားလမ်း၊ မင်္ဂလာရွှေဗဟိုရ်ရပ်ကွက်၊ ရွှေညောင်မြို့**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၆)လမ်းထောင့်၊ ကုန်သည်လမ်း၊ အမှတ် (၇၂၄)ရှိ ကုမ္ပဏီမှတ်ပုံတင် အမှတ် (114196789)ဖြင့် မှတ်ပုံတင်ရရှိထားသော MASDA CHEMICAL INTERNATIONAL COMPANY LIMITED မှ ကုမ္ပဏီ၏(မန်နေဂျာ)ဖြစ်သူ ဒေါ်ကြည်ကြည်မင်းအောင်(ဘ)ဦးရန်အောင် ၁၂/သဃက(နိုင်)၀၀၃၆၄၄သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏ကုမ္ပဏီမှုပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၂၈၃)ဖြင့် ၁၄-၁-၂၀၂၂ရက်တွင် တရားဝင်မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာထားပြီးဖြစ်ပါသည်။

KOE King of Enchantment Perfume by MASDA

အထက်ဖော်ပြပါ KOE King of Enchantment Perfume by MASDA WHITE ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရေမွှေးအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်၊ ဖြန့်ချိရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။ မိမိ၏ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ် ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှုပိုင်အဖြစ် အသုံးပြုလျက်ရှိရာ ကုန်အမှတ် တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ မိမိတို့မှတစ်ပါးအခြား မည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ)ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂)၊ အထက်တန်းရှေ့နေ**
**အမှတ် (၁၁၂၈)၊ သရဖီ (၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၅၄၀၁၁၀၄၈**

## မြေကွက်များအမြန်ရောင်းမည်

၁။ (၁၀၀'x၁၀၀')ပေ ရေ၊ မီး၊ စုံ၊ အုတ်တံတိုင်းခတ်ပြီး သံပန်း၊ သံတံခါးကာရံပြီး၊ မန္တလေး-လားရှိုးလမ်းမကြီး၊မေးတင်(အဆင်းလမ်း)

၂။ မန္တလေး-လားရှိုးလမ်းမကြီး(အတက်လမ်း)၊ စက္ကန့်ပိုင်းမျှဝင်ရ။
(၁၀၀'x၁၀၀')ပေပတ်လည် (၁)ကွက်
(၆၀'x၁၅၀')ပေ ၊ (၁)ကွက်နှင့် (၅၀'x၈၀')ပေ၊ (၁)ကွက်
ရွှေဝါရောင်လမ်း၊ အောင်ချမ်းသာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

## အိမ်၊ ခြံ၊ မြေ အမြန်ရောင်းမည်။

၁။ မြောက်ဥက္ကလာ၊ ခေမာသီလမ်းမကြီး(ကန်သာယာ၊ စိန်ဂေဟာရှေ့)၊ (၃၈'x၆၀')ပေ နှစ်ထပ်တိုက်ခံအိမ်၊ ဂရန်အမည်ပေါက် (၄၄၀)ပါဝါမီတာပါ။

၂။ ရွှေပြည်သာ၊ ထန်းခြောက်ပင်၊ ပတ္တမြားဈေး၊ ထော်ပိုင်လမ်း၊ နှစ်ထပ်အာစီ၊ အာစီမိုး (၂၀'x၆၀')ပေ၊ ပါမစ်မြေ၊ ရေ၊ မီး၊ အစုံ။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1760, Hline Tet L/T (HT-LT-01), Pickup (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးသီဟာသင်းမိုးရွှေ ၁၂/ရကန(နိုင်)၀၆၂၉၄၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9999, JAGUAR XJL, S/L(4X2)L ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၂/မရက(နိုင်)၀၈၆၈၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/1759 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၀/မလမ(နိုင်)၁၂၀၈၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း ဒသမတန်းမှ ကျောင်းဝင်အမှတ် က/၇၈၃၄ မဆိုနီရား၏ ဖခင်အမည်မှန်မှာ ဦးဒေရ်(ချ်) ၁၃/နခတ(နိုင်)၁၂၁၆၆၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ အကွက်အမှတ် (၉/ခဲလယ်မြောက်)၊ ဦးပိုင်အမှတ် (၂၂)၊ မြေယာအမှတ် (76)၊ မြေဧရိယာ ၀ဒသမ၀၇၆ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်နန်းအေးမြ ၉/မမန(နိုင်)၀၇၇၇၁၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ဒါးရဲကောင်းကျေးရွာနေ ဦးလှ၏သမီး ဒေါ်ရင်ရင်မြင့် ၉/မသန(နိုင်)၀၅၈၉၄၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၁၉၆၇ ဖြစ်ပါကြောင်း။

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့မှ ထုတ်လုပ်သော ဆေးဝါးများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးဌာနချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ အလုပ်သမားဝန်ကြီးဌာနတို့သို့ Door to Door စနစ်ဖြင့် ပေးပို့ရန်အတွက် ကုန်တင်ယာဉ် ၁၂တီးယာဉ်၊ ၆တီးယာဉ်များ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၂-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၈-၂-၂၀၂၂ရက် (၁၆:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၀၈၃၇၇၊ ၀၆၇-၃၄၀၈၃၈၁

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်ယုယုစိန် နှင့် (၁) ဒေါ်ရီရီလွင်
(၂) ဒေါ်ချယ်ရီလွင်
တရားလို — တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွက်ပြင်(၃)၊ အိမ်အမှတ်(၉၇)ရပ်နေ ဒေါ်ချယ်ရီလွင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယုယုစိန်က ငွေကျပ် ၄၀၀၀၀၀၀၀/-(သိန်းလေးဆယ်ကျပ်တိတိ) ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက်(၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေဠုထွန်း)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

### ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ဗညားဒလလမ်းနှင့် လမ်း(၁၂၀)ထောင့်၊ အမှတ်(၆၇/၆၉)ဟုခေါ်သည့် လူနေဆိုင်ခန်းငယ်များအနက် လမ်းထောင့်မှစ၍ ရေတွက်ပါက(ဒုတိယမြောက်)ဆိုင်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

